# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက် | ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၁၄၇)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်မြို့ရှိ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များ၊ သင်တန်းကျောင်းများအား လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် ဗထူးတပ်မြို့ရှိ နယ်မြေခံ တပ်ရင်း/တပ်ဖွဲ့များ၊ သင်တန်းကျောင်းများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များအား တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ရှိ သုံးထပ်စာသင်ဆောင် ရှင်းလင်းဆောင်၌ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)၊ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (ဗထူး)၊ တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်တန်းကျောင်း ကျောင်းအုပ်ကြီးများက နယ်မြေလုံခြုံရေးဆိုင်ရာ ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ တပ်တည်ဆောက်ရေး လုပ်ငန်းကြီး(၄)ရပ်နှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌက သိရှိလိုသည်များ မေးမြန်း၍ လေ့ကျင့်သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကျောင်းအုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ✻*



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းရှိ စံပြစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ရာသီသီးနှံများစိုက်ပျိုးထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

**ယနေ့ ဖတ်စရာ**

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူ**

ပြည်တွင်းသတင်း စာ ၅

**တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူ**

ပြည်တွင်းသတင်း စာ ၅

**တတိယအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူ**

ပြည်တွင်းသတင်း စာ ၅



နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)၌ လေ့ကျင့်သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကျောင်း အုပ်ချုပ်မှုဆိုင်ရာ လိုအပ် ချက်များ မှာကြားစဉ်။

❑ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား ဆောင်ရွက်ရာတွင် အမှန်တကယ် အောင်မြင်ဖြစ်ထွန်းအောင် လုပ်ဆောင်ကြရန်၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်အသား၊ ငါး၊ အသီးအရွက်များအား တပ်ရင်း / တပ်ဖွဲ့များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် လုံလောက်ဖူလုံစွာ ရရှိနိုင်ရန်နှင့် ပိုလျှံပါက နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၏ သက်သာချောင်ချိရေးအတွက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချရန်၊ စံပြစိုက်ပျိုးမွေးမြူရေးဇုန်ဖြစ်သည်နှင့်အညီ ဒေသတွင်းစံပြ ဖြစ်အောင်နှင့် အောင်မြင်ဖြစ်ထွန်းအောင် ရည်မှန်းချက်ထား၍ ဆောင်ရွက်**

* *ရွှေဖုံးမှ*

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် အဖွဲ့ဝင်များလိုက်ပါ၍ မွန်းလွဲပိုင်းတွင် ဗထူးတပ်မြို့ရှိ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေး တပ်ရင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တပ်ရင်းရုံး၌ တပ်ရင်းမှူးက ရည်မှန်းချက် တာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုနှင့် စံပြစိုက်ပျိုးမွေးမြူရေးဇုန်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား ဆောင်ရွက်ရာတွင် အမှန်တကယ်အောင်မြင်ဖြစ်ထွန်းအောင် လုပ်ဆောင်ကြရန်၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်အသား၊ ငါး၊ အသီးအရွက်များအား တပ်ရင်း/တပ်ဖွဲ့များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် လုံလောက်ဖူလုံစွာရရှိနိုင်ရန်နှင့် ပိုလျှံပါက နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၏ သက်သာချောင်ချိရေးအတွက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချရန်၊ စံပြစိုက်ပျိုးမွေးမြူရေးဇုန်ဖြစ်သည်နှင့်အညီ ဒေသတွင်းစံပြဖြစ်အောင်နှင့် အောင်မြင်ဖြစ်ထွန်းအောင် ရည်မှန်းချက်ထား၍ ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းရှိ စံပြစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း မြေစိုက်ရေခံအဆောက်အအုံနှင့် လေလုံအအေးပေးအဆောက်အအုံအတွင်း ဥစားကြက်များ မွေးမြူထားရှိမှု၊ AI သားစပ်ခြင်းမှ DYL မျိုးမြင့် သားပေါက်ဝက်များ၊ မျိုးမြင့်ဝက်သိုးနှင့် နို့စားနွားများမွေးမြူထားရှိမှု၊ နေကြာပန်းများ ဝတ်မှုန်ကူးမှု လွယ်ကူအဆင်ပြေစေရန်အတွက် ဆီနေကြာနှင့် ပျားအိမ်များ ယှဉ်တွဲစိုက်ပျိုးမွေးမြူထားရှိရာ အောင်မြင်ဖြစ်ထွန်းနေမှု၊ Green House အတွင်း ရာသီသီးနှံများစိုက်ပျိုးထားရှိမှု၊ မျိုးစေ့ထုပ်ပိုးခန်းအတွင်း ရွှေဖရုံ၊ ဘူး၊ တိုင်ထောင်ပဲ၊ ငရုတ်၊ ရုံးပတီ၊ မုန်ညင်းနှင့် ခရမ်းများကို မျိုးကောင်းမျိုးသန့်များအဖြစ် အဆင့်ဆင့်မျိုးစေ့များ ထုပ်ပိုးနေမှုနှင့် သိုလှောင်ခန်းအတွင်း မျိုးစေ့များသိုလှောင်ထားရှိမှု၊ ကျောက်စိမ်း၊ တစ်သျှူး၊ သီးမွှေးငှက်ပျော စိုက်ပျိုးထားရှိမှုများ၊ မျိုးစေ့များခင်းကျင်းပြသထားရှိမှု၊ လား/မြင်းချေးမှ သဘာဝမြေဆွေး စမ်းသပ်ထုတ်လုပ်ထားရှိမှုများ၊ ရောဂါကာကွယ်ဆေးများ၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် အစာစပ်စက်ရုံမှ ထုတ်လုပ်သည့် တိရစ္ဆာန်အစားအစာများ ခင်းကျင်းပြသထားရှိမှု၊ ဗထူးစမ်းမှ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးထားသည့် နေကြာ ၁၀ ဧကမှ နေကြာဆီများ ထုတ်လုပ်အောင်မြင်ဖြစ်ထွန်းနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များအား တာဝန်ရှိသူများနှင့်အတူ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းမှ ထုတ်လုပ်သည့် လား/မြင်းချေးမှ သဘာဝမြေဆွေးမြေဩဇာ တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ သာ ကျသင့်ပြီး စပါး/နေကြာ တစ်ဧကလျှင် ၁၀ အိတ်ခန့် အသုံးပြုခြင်းအားဖြင့် အထွက်နှုန်း ပိုမိုတိုးတက်ကောင်းမွန်စေပြီး

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

*စာမျက်နှာ ၃ မှ*

ပြင်ပထုတ် အခြားမြေသြဇာများထက် များစွာကုန်ကျစရိတ်သက်သာကြောင်း သိရှိရသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဗထူးတပ်နယ်ရှိ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များအား မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး မိသားစုများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးစကားပြောကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ရောက်ရှိရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဆေးရုံအစည်းအဝေးခန်းမတွင် တာဝန်ရှိသူတစ်ဦးက အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ စစ်သည်များအား လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေအနေများကို လိုက်လံမေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့်ကလေးကုသဆောင်သို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှု အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းရှိ စံပြစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစဉ်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံစားရိပ်သာအတွင်း လူနာများအတွက် ညနေစာ ထမင်း၊ ဟင်းများ ပြင်ဆင်ထားရှိမှု၊ တပ်မတော်အကြီးအကဲမှ ဖြည့်ဆည်းပေးထားသည့် Portable Digital Dental သွားဓာတ်မှန်စက်နှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအတွက် ရောဂါရှာဖွေမှု အထောက်အကူပြုသည့် CT Scan စက်အသစ် တပ်ဆင်စမ်းသပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့သည် အဆိုပါဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် ဆေးရုံအတွက် ဆေးပဒေသာပင်အလှူငွေများကို ပေးအပ်ရာ ဆေးရုံတပ်မှူးက လက်ခံရယူခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံသင်တန်းကျောင်းများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး မိသားစုများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ သင်တန်းကျောင်း စားရိပ်သာများအလိုက် သင်တန်းသားများ ညနေစာ သုံးဆောင်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းရှိ စံပြစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ပျားအိမ်များ မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ကယားပြည်နယ်ဝန်ကြီးချုပ် အခြေခံပညာကျောင်းများ၌ နှစ်ဆုံးတတ်မြောက်မှုစစ်ဆေးခြင်း စာမေးပွဲဖြေဆိုနေမှုများ ကြည့်ရှုအားပေး

**လွိုင်ကော် ဖေဖော်ဝါရီ ၂၃**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးစိန်ဦးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် အခြေခံပညာကျောင်းများ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade 5 နှင့် Grade 9 ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ နှစ်ဆုံးစာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မင်္ဂလာရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade 5 နှင့် Grade 9 ကျောင်းသား ကျောင်းသူများ နှစ်ဆုံးစာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေးရာ ပြည်နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများနှင့် ကျောင်းအုပ်ကြီးတို့က စာမေးပွဲကျင်းပမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေါတမရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ဒေါတမ) အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade 5 ကျောင်းသား ကျောင်းသူများ နှစ်ဆုံးစာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေးကာ ကြီးကြပ်ရေးမှူး ဆရာ ဆရာမများကို ရင်းနှီးစွာ နှုတ်ဆက်စကား ပြောကြားသည်။

ကယား ပြည်နယ်တွင် Grade- 5 စာစစ်ဌာန ၄၁ ခု၊ စာမေးပွဲ ဖြေဆိုသူ ၁၂၆၁ ဦးနှင့် Grade-9 စာစစ်ဌာန ၁၃ ခု၊ စာမေးပွဲဖြေဆိုသူ ၅၃၈ ဦးရှိပြီး ကျောင်းသား ကျောင်းသူများအားလုံး စိတ်အေးချမ်းသာစွာ စာမေးပွဲ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ကြေညာချက်အမှတ် ၁ /၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

**တတိယအကြိမ် ပြည်သူ့လွှတ်တော်
ပထမပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၄၊ ပုဒ်မ ၁၂၃၊ ပုဒ်မ ၁၂၄၊ ပုဒ်မခွဲ(ခ)၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၇ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်(၂၀၂၆ခုနှစ်၊ မတ်လ ၁၆ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)
တီခွန်မြတ်
ဥက္ကဋ္ဌ

## တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
ကြေညာချက်အမှတ် ၁ /၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

**တတိယအကြိမ် အမျိုးသားလွှတ်တော်
ပထမပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မ ၁၅၄၊ ပုဒ်မခွဲ(ခ) နှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ(ခ) တို့အရ တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် (၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်) ဗုဒ္ဓဟူးနေ့၊ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

## တတိယအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
ကြေညာချက်အမှတ် ၂ /၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

**တတိယအကြိမ် တိုင်းဒေသကြီး သို့မဟုတ်
ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး
ကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မ ၁၇၁၊ ပုဒ်မခွဲ(ခ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ)တို့အရ တတိယအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး၌ ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက် (၂၀၂၆ခုနှစ်၊ မတ်လ ၂၀ ရက်) သောကြာနေ့တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် ပြည်သူ့လွှတ်တော်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

တတိယအကြိမ်ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ လွှတ်တော်အစည်းအဝေး တက်ရောက်ရန် နေပြည်တော်သို့ရောက်ရှိကြောင်း သတင်းပို့လက်ခံဌာနများကို အောက်ဖော်ပြပါ အတိုင်း ဖွင့်လှစ်ထားရှိပါသည်-

(က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာတွင် တည်းခိုနေထိုင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ(၂)၊

( ခ ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရိပ်သာတွင် တည်းခိုနေထိုင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်၊

( ဂ ) မိမိအစီအစဉ်ဖြင့် တည်းခိုနေထိုင်မည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်သူ့လွှတ်တော်ရေးရာဆောင် အိုင် - ၁ (I–1)

(ဃ) တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရွာတော်)။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်(အင်္ဂါနေ့) ထက်မစော၊ မတ်လ ၁၁ ရက် (ဗုဒ္ဓဟူးနေ့) ထက်နောက်မကျစေဘဲ သတင်းပို့ကြရန် ပြည်သူ့လွှတ်တော်ရုံးက ထုတ်ပြန်ထားကြောင်း သိရသည်။

## တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် အမျိုးသားလွှတ်တော်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ကြေညာထားရာ အဆိုပါအစည်းအဝေးသို့တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ထံသို့ ပေးပို့ထားပါသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်တွင် တည်းခိုနေထိုင်ရန်နေရာများကို အောက်ပါအတိုင်းစီစဉ်ထားရှိပါသည်-

(က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာတွင် တည်းခိုနေထိုင်မည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ(၂)၊

( ခ ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရိပ်သာတွင် တည်းခိုနေထိုင်မည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်၊

( ဂ ) တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရွာတော်)။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးတက်ရောက်ရန်အတွက် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် အိုင်-၁၉ (I–19)သို့ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၂ ရက်(ကြာသပတေးနေ့) ထက်မစော၊ မတ်လ ၁၃ ရက် (သောကြာနေ့) ထက်နောက်မကျစေဘဲ သတင်းပို့ကြရန် အမျိုးသားလွှတ်တော်ရုံးက ထုတ်ပြန်ထားကြောင်း သိရသည်။

## တတိယအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးတက်ရောက်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

တတိယအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး၌ ကျင်းပရန်အတွက် ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက် (သောကြာနေ့)တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ကြေညာထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့သွားမည်ဖြစ်ပါသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ သက်ဆိုင်ရာလွှတ်တော်ရုံးအသီးသီးသို့ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၄ ရက်(စနေနေ့) ထက်မစော၊ မတ်လ ၁၅ ရက် (တနင်္ဂနွေနေ့) ထက်နောက်မကျစေဘဲ သတင်းပို့ကြရန် သက်ဆိုင်ရာက ထုတ်ပြန်ထားကြောင်း သိရသည်။



## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC က ၂၀၂၅ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

**ပါဝင်တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အိုက်စလန်နိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်အဖြစ်ခန့်အပ်ရန် သဘောတူပြီးဖြစ်သော ဦးကိုကိုလတ် ၏ ခန့်အပ်လွှာကိုလက်ခံ၍ အသိအမှတ်ပြုစာချွန်လွှာ ပြန်လည်ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိုက်စလန်နိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် အဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဦးကိုကိုလတ်၏ ခန့်အပ်လွှာကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံ၍ ၎င်းအား အသိအမှတ်ပြုစာချွန်လွှာ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

**သတင်းစဉ်**



## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

တိုင်းရင်းသားလူမျိုးများ ရေးရာ ဝန်ကြီးဌာန၊ မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဝန်ကြီးဌာန၌ကျင်းပရာ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ နေပြည်တော်တိုင်း မီးသတ်ဦးစီးဌာန၊ ဥတ္တရခရိုင် မီးသတ်ဦးစီးမှူးနှင့် အဖွဲ့တက်ရောက်ကြသည်။



ဦးစွာ ဒုတိယဝန်ကြီး ဦးဆောင်၍ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ နေပြည်တော် တိုင်းမီးသတ်ဦးစီးဌာန၊ ဥတ္တရခရိုင် မီးသတ်တပ်ဖွဲ့က နိုင်ငံတော်အလံကို စုပေါင်းအလေးပြုကြပြီး နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆) ချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက "မီးဘေးရှောင် မလောင်ခင်တား" ဆိုသည့် ဆောင်ပုဒ်အတိုင်း မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်များ ရေးဆွဲ၍ စနစ်တကျ သရုပ်ပြ လေ့ကျင့်ထားရန် လိုအပ်ပါကြောင်း၊ မီးလောင်မှုသည် အခြေအနေအမျိုးမျိုးတွင် ဖြစ်ပေါ်တတ်သဖြင့် မီးနှင့်ပတ်သက်၍ မပေါ့ဆကြရန်နှင့် မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနက ထုတ်ပြန်ထားရှိသည့် ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းများတွင်လည်း အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူပြီး ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန၊ နေပြည်တော်တိုင်း မီးသတ်ဦးစီးဌာန၊ ဥတ္တရခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသက်နောင်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာများကို ရှင်းလင်းဆွေးနွေးပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ယင်းနောက် မီးငြိမ်းသတ်မှု သရုပ်ပြ လေ့ကျင့်ခြင်းအစီအစဉ်ကို ဆောင်ရွက်ရာ ဒုတိယဝန်ကြီးနှင့်အတူ ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများက ကြည့်ရှုအားပေးကြပြီး လက်တွေ့ပါဝင်စမ်းသပ်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၆ ခုနှစ် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲတွင် အပြေးသမား ၇၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

Yoma Group မှ စီစဉ်ကျင်းပသော ၂၀၂၆ ခုနှစ် ရိုးမ–ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲတွင် အပြေးသမား ၇၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း Yoma Yangon International Marathon မှ သိရသည်။

ငါးနှစ်ကြာ ရပ်နားထားခဲ့ရပြီးနောက် ၂၀၂၆ ခုနှစ် ရိုးမ – ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အမျိုးသားအားကစားရုံ (၁) သုဝဏ္ဏ၌ ပြန်လည်ကျင်းပခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲ၏ ၅ ကီလိုမီတာ (အပျော်တမ်းပြေးပွဲ) ပြိုင်ပွဲကို အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)မှ တာထွက်ပြီး ဝေဇယန္တာလမ်း၊ သံသုမာလမ်း၊ အထက်ပုဇွန်တောင်လမ်း၊ ၎င်းမှ လာလမ်းအတိုင်းလည်းကောင်း၊ ၁၀ ကီလိုမီတာ (စိန်ခေါ်ပြေးပွဲ)ပြိုင်ပွဲကို အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) မှ တာထွက်ပြီး ဝေဇယန္တာလမ်း၊ သံသုမာလမ်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ရုံလမ်း၊ ဗညားဒလလမ်း၊ ကျိုက္ကဆံလမ်း၊ ပင်ရွှေညောင်လမ်း၊ လေးထောင့်ကန်လမ်းမှ ဝေဇယန္တာလမ်းအတိုင်းလည်းကောင်း၊ ၂၁ ကီလိုမီတာ (တစ်ဝက်မာရသွန်)ပြိုင်ပွဲကို အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) မှ တာထွက်ပြီး ဝေဇယန္တာလမ်း၊ သံသုမာလမ်း၊ အထက်ပုဇွန်တောင်လမ်း၊ အောက်ပုဇွန်တောင်လမ်း၊ မဟာဗန္ဓုလလမ်း၊ စန္ဒကူးလမ်း၊ ကမ်းနားလမ်း၊ ရွှေတိဂုံဘုရားလမ်း၊ ဦးထောင်ဘိုလမ်း၊ ကန်ရိပ်သာလမ်း၊ ဗညားဒလလမ်း၊ ကျိုက္ကဆံလမ်း၊ ပင်ရွှေညောင်လမ်း၊ လေးထောင့်ကန်လမ်း၊ ၎င်းမှ ဝေဇယန္တာလမ်းအတိုင်းကိုလည်းကောင်း ပြေးလမ်းကြောင်း သတ်မှတ်ပြေးခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တစ်ဝက်မာရသွန် ၂၁ ကီလိုမီတာ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမဦးဆုံးပန်းဝင်သည့် အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ၁၀ ဦးတို့အတွက် ပထမဆုငွေကျပ်သိန်း ၃၀၊ ဒုတိယဆုငွေကျပ်သိန်း ၂၀၊ တတိယဆုငွေကျပ် ၁၅ သိန်း၊ စတုတ္ထမှဒသမအထိ တစ်ဦးလျှင် ငွေကျပ်ငါးသိန်းစီတို့အား လည်းကောင်း၊ စိန်ခေါ်ပြေးပွဲ ၁၀ ကီလိုမီတာ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမဦးဆုံးပန်းဝင်သည့် အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ၁၀ ဦးတို့အတွက် ပထမဆုငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုငွေကျပ် ၁၀ သိန်း၊ တတိယဆုငွေကျပ် ၅ သိန်း၊ စတုတ္ထမှဒသမအထိ တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းစီတို့နှင့် မည်သည့်ပြိုင်ပွဲအမျိုးအစားမဆို သတ်မှတ်ချိန်အတွင်း ပန်းဝင်သူတို့အတွက် ဆုတံဆိပ်တစ်ခုစီတို့အား တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ပြည်သူလူထု ကိုယ်လက်လှုပ်ရှားအားကစား ပိုမိုလုပ်ဆောင်လာစေရန်၊ ကျန်းမာရေးအသိပညာ ပိုမိုကြွယ်ဝလာစေရန်၊ ပြည်ပမှ




အားကစားသမားများ၏ စိတ်ဝင်စားမှု ရရှိနိုင်ရန်နှင့် လူထုအကျိုးပြု ပရဟိတလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ယခုနှစ်တွင် ပြိုင်ပွဲဝင်များအတွက် ပြေးလမ်းကြောင်းများကို ၂၁ ကီလိုမီတာ၊ စိန်ခေါ်ပြေးပွဲ ၁၀ ကီလိုမီတာနှင့် ၅ ကီလိုမီတာ အပျော်တမ်းပြေးပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား သုံးမျိုး ကျင်းပခဲ့ကြောင်း သိရသည်။

**MT**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းပိတ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ဖွင့်ပွဲတက်ရောက်





**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းပိတ်လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့စီးပွားရေးဘဏ်မှ အထွေထွေမန်နေဂျာများ၊ တိုင်းဒေသကြီး/ပြည်နယ် မန်နေဂျာများနှင့် ခရိုင်မန်နေဂျာများ တက်ရောက်ကြသည်။

**စနစ်တကျကြပ်မတ်စစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံတော်တွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့် ဘဏ်လုပ်ငန်း ကွန်ရက်အကျယ်ပြန့်ဆုံး နိုင်ငံပိုင်ဘဏ်ကြီးတစ်ခုဖြစ်ခြင်း၊ ဘဏ္ဍာရေးကဏ္ဍတွင် အဓိကကျခြင်း၊ ငွေကြေးစီးဆင်းမှု များပြားခြင်း၊ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါခြင်းတို့ကြောင့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေများကို အလေအလွင့်နှင့် ဆုံးရှုံးမှု မရှိစေရန် ဘဏ်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျကြပ်မတ်စစ်ဆေး ဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် ငွေကြေးနှင့် လုပ်ပိုင်ခွင့်များကို မှန်မှန်ကန်ကန်ဖြင့် အကျိုးရှိအောင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လုပ်ထုံးလုပ်နည်းများ မှန်ကန်စေရေး၊ စာရင်းရေးသွင်းမှု မှန်ကန်စေရေးတို့ကို စနစ်တကျလုပ်ဆောင်ကြရန်နှင့် တာဝန်ခံများအနေဖြင့် လုပ်ငန်းများအချိန်မီပြီးစီးရေး အပတ်စဉ်လုပ်ငန်းဇယားများသတ်မှတ်၍ စနစ်တကျဆောင်ရွက်ရန်နှင့် လုပ်ငန်းဆောင်ရွက်မှုအပေါ် သေချာစိစစ်အတည်ပြုရန် လိုအပ်ကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

ဘဏ်၏အဓိကငွေကြေးအရင်းအမြစ်ဖြစ်သော အပ်နှံငွေများ တိုးတက်ရရှိရေးသည် အရေးပါသောအခန်းကဏ္ဍတစ်ခုဖြစ်ပြီး ရရှိသောအပ်ငွေများကို လုပ်ငန်းရှင်များသို့ ထုတ်ချေးခြင်းဖြစ်၍ အပ်ငွေလျော့ကျပါက ဘဏ်ချေးငွေထုတ်ချေးနိုင်စွမ်းအပေါ် သက်ရောက်မှုရှိမည်ဖြစ်ကြောင်း၊ အပ်ငွေအမျိုးအစားအလိုက် ဘဏ်သို့ ငွေသားစီးဝင်မှု၊ အတိုးပေးရမှု၊ ချေးငွေအတိုးပြန်လည်ရရှိမှုတို့ကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်ပြီး အမြတ်အစွန်းရအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်စေရန် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝမြှင့်တင်စေရေး၊ MSME လုပ်ငန်းရှင်များအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများ ရရှိစေရေး စသည့် ရည်ရွယ်ချက်များဖြင့် ကဏ္ဍစုံသို့ ချေးငွေများ ပံ့ပိုးထုတ်ချေးလျက်ရှိပြီး ချေးငွေထုတ်ချေးရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျထုတ်ချေးရန် သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်နိုင်ရေးကို တွန်းအားပေးဆောင်ရွက်ရန်၊ NPL များ ကျဆင်းရေးနှင့် Quality Loan များ ဖြစ်လာစေရေးကို ရည်မှန်းချက်ထား၍ ယင်းလုပ်ငန်းများ အောင်မြင်စေရန် ဘဏ်ဝန်ထမ်းအားလုံး အသိစိတ်ဓာတ်ရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

**အကောင်အထည်ဖော်ဆောင်ရွက်**

ပြည်တွင်း၊ ပြည်ပ ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူများမှ တစ်ဆင့် မိုဘိုင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ နည်းပညာ (Fin-tech) ဝန်ဆောင်မှုလုပ်ငန်းများ ချဲ့ထွင်ဆောင်ရွက်ခြင်းအားဖြင့် ဘဏ်လုပ်ငန်းဆိုင်ရာအချက်အလက်များကို ဗဟိုထိန်းချုပ်မှု (Centralized) စနစ်အသုံးပြုပြီး ဘဏ်လုပ်ငန်းစဉ်များကို အလိုအလျောက်ဆောင်ရွက်လာနိုင်သည့်အတွက် ဝန်ထမ်းအင်အား၊ အချိန်၊ စာရွက်စာတမ်း စသည့်ဝန်ပိုများကို လျှော့ချနိုင်ကာ ဘဏ်နှင့်ဆက်သွယ်သူများသည် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အသုံးပြုလာနိုင်သည်ကို တွေ့ရကြောင်း၊ အငြိမ်းစားဝန်ထမ်းများကို ပင်စင်လစာထုတ်ပေးရာ၌ ပိုမိုအဆင်ပြေချောမွေ့စေရန် e-ID စနစ်ဖြင့် ချိတ်ဆက် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် UID နံပါတ်များကောက်ယူမှုကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ငွေသားသုံးစွဲမှုလျှော့ချနိုင်ရန်နှင့် နိုင်ငံ့ဝန်ထမ်းလစာနှင့် ပင်စင်လစာများကို MEB Pay Wallet သို့ထည့်သွင်း၍ လွယ်ကူစွာ ထုတ်ယူနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

CBM Net ဖြင့်ချိတ်ဆက်၍ FI Gate Way ကို ဒီဇင်ဘာလအထိ ဘဏ်ခွဲပေါင်း ၃၉ ဘဏ်တွင် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ Centralized e-Pension စနစ်ကိုလည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိ ဘဏ်ခွဲပေါင်း ၁၈၅ ဘဏ်တွင် ဆောင်ရွက်လျက်ရှိရာ ပင်စင်စားဦးရေ၏ ၈၅ ဒသမ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ Core Banking စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကိုလည်း အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး Core Banking စနစ်မှသည် ကျန်ရှိသော ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို တိုးချဲ့ဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်မှချမှတ်ထားသည့်လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ အောင်မြင်စေရေးအတွက် တာဝန်ရှိအရာထမ်းများကလည်း ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ဘဏ်၏ တာဝန်ရှိသူအဆင့်ဆင့်က အထူးအလေးထား ပူးပေါင်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်အစိုးရ၊ အများပြည်သူနှင့် ဘဏ်များအကြား သုံးဦးသုံးဖလှယ်အကျိုးရှိသည့် Win-Win-Win Situation ရရှိရေး ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းကြောင်း၊ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာကို မျက်ခြည်ပြတ်မခံဘဲ လေ့လာဆည်းပူးကြရန် မှာကြားသည်။

**ဆုပေးပွဲများပါဝင်**

နိုင်ငံပိုင်မြန်မာ့စီးပွားရေးဘဏ်သည် ဘဏ္ဍာရေးနှစ်အလိုက် နှစ်ချုပ်စာရင်းပိတ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို နှစ်စဉ်ပြုလုပ်လျက်ရှိရာ ယခုနှစ်ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ကဏ္ဍအလိုက်ဆွေးနွေးမှုများအပြင် စာတမ်းဖတ်ပွဲများ၊ ကဏ္ဍအလိုက်ဆွေးနွေးညှိနှိုင်းပွဲများ၊ လုပ်ငန်းစွမ်းဆောင်ရည်နှင့် ထူးချွန်မှုအတွက် ဆုပေးပွဲများပါဝင်ပြီး ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ရပ်စောက်မြို့ နောင်မိုင်းကန်ပြုပြင်ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရပ်စောက် ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက် ၁၁ နာရီခွဲက တောင်ကြီးခရိုင် ရပ်စောက်မြို့ရှိ နောင်မိုင်းကန်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ဝဲပုံ)**



ဦးစွာ နောင်မိုင်းကန်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့နောက် ရပ်စောက်မြို့ ဟွေးကျေးရွာအုပ်စု ဥတ္တတာရပ်ကွက်ရှိ ဧက ၁၀၀ သီးထပ်သီးနှံ ဆောင်းပဲပုပ်၊ ကြက်သွန်ဖြူစိုက်ခင်းရှိ ရေနုတ်မြောင်းအုတ်ရိုးစီဆောင်ရွက်နေမှု၊ အင်းခေါင်းဆည်အတွင်း သဲနုန်း၊ မှော်၊ ဒိုက်များဖယ်ရှားနေမှု၊ ယမ်းတွင်းငါးကြောင်အုပ်စု၊ ပိန္နဲပင်(ရွာသစ်)ကျေးရွာရှိ ဦးဂျာကနပ်၏ ဥစားကြက်မွေးမြူရေးခြံတို့ကို သွားရောက်ကြည့်ရှုအားပေးသည်။

ယမန်နေ့ကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ကိုးကန့်ယဉ်ကျေးမှုခန်းမ၌ကျင်းပသော ကိုးကန့်ရိုးရာနှစ်သစ်ကူး မိတ်ဆုံညစာစားပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။ မိတ်ဆုံညစာစားပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကိုးကန့်ရိုးရာနှစ်သစ်ကူးပွဲတော်အတွက် ရန်ပုံငွေပေးအပ်ရာ ကိုးကန့်ရိုးရာစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ ကိုးကန့်ရိုးရာစာပေနှင့် ယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌက ကိုးကန့်ရိုးရာနှစ်သစ်ကူး အမှာစကားပြောကြားပြီး ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံကာ ကိုးကန့်တိုင်းရင်းသား ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များက ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေကြကြောင်း သိရသည်။

**သတင်းစဉ်**

# အောင်မြေသာစံမြို့နယ်၌ မီးဘေးစစ်ဆေးခြင်းနှင့် 191 Report application ထည့်သွင်းပေး



**မန္တလေး ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက် ရဲညွန့်ရပ်အကွက်အမှတ်(၁၀၃/၉၇)အတွင်း မီးဘေးကင်းဝေးစေရေးအတွက် တစ်အိမ်တက်ဆင်း မီးဘေးစစ်ဆေးခြင်း၊ မီးသတိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် 191 Report application ထည့်သွင်းပေးခြင်းကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးမှူး ဦးဇော်မျိုးထက် ဦးဆောင်၍ တပ်ဖွဲ့ဝင်များက တစ်အိမ်တက်ဆင်းမီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ မီးသတိပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေခြင်းနှင့် 191 Report application ကို ပြည်သူများအသုံးပြုရေး ကွင်းဆင်းထည့်သွင်းပေးခြင်းများကို တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ ၂၂၁

# GACC မှတ်ပုံတင်ခြင်းနှင့် စိုက်ပျိုးရေးဦးစီးဌာန၏ ဆောင်ရွက်မှုအကြောင်း သိကောင်းစရာ

ဒေါက်တာဝင်းသန်း (DOA)

GACC ဆိုသည်မှာ (The General Administration of Customs of the People's Republic of China) တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ကို အတိုကောက်ခေါ်ခြင်းဖြစ်ပါသည်။

GACC သည် အမိန့်ကြေညာချက် (၂၄၈) အား ၂၀၂၁ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် ထုတ် ပြန်ခဲ့ရာ **"တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အစားအစာ တင်သွင်းသည့် ပြည်ပနိုင်ငံများမှ လုပ်ငန်းကုမ္ပဏီများသည် GACC တွင် မှတ်ပုံတင်ရမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍ (China Reg. Number) တရုတ်နိုင်ငံ၏ မှတ်ပုံတင်အမှတ် ရရှိထားသည့် အစားအသောက်ကုန်ပစ္စည်းများကိုသာ တင်သွင်းခွင့်ပြုမည်"** ဟု ဖော်ပြထားပါသည်။ [***အစားအသောက် ကုန်ပစ္စည်းများဆိုသည်မှာ အစားအသောက်ထုတ်လုပ်ရန်အတွက် တင်သွင်းလာသော (Agricultural Products: Raw) စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို ဆိုလိုသည်]။

**မြန်မာနိုင်ငံအတွက် ကြီးမားသောဈေးကွက်**

မြန်မာနိုင်ငံ၌ သီးနှံမျိုးစုံကို ကွဲပြားခြားနားသောရာသီဥတုအမျိုးမျိုးရှိသည့်ဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများအား နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသို့လည်း တင်ပို့ရောင်းချလျက်ရှိပါသည်။ တရုတ်နိုင်ငံ၏ များပြားသောလူဦးရေကြောင့် မြန်မာနိုင်ငံအတွက် ကြီးမားသော ဈေးကွက်တစ်ခုအဖြစ် ရှိနေပါသည်။

တရုတ်နိုင်ငံ GACC အနေဖြင့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများအား GACC မှတ်ပုံတင်ခွင့်ပြုနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနကို Competent Authority (သက်ဆိုင်ရာအာဏာပိုင်အဖွဲ့)အဖြစ် သတ်မှတ်လက်ခံထားပြီး စိုက်ပျိုးရေးဦးစီးဌာန၏ စစ်ဆေးထောက်ခံချက်ဖြင့် ပေးပို့လျှောက်ထားမှုများကို စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။ ယခင်နှစ်ပေါင်းများစွာကတည်းက လွတ်လပ်စွာ ကုန်သွယ်မှုခွင့်ပြုပြီးဖြစ်သော မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများအား GACC တွင် တရားဝင်မှတ်ပုံတင်ခွင့်ပြုပေးပြီး တင်သွင်းခွင့်ပြုလျက်ရှိပါသည်။

မြန်မာနိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများအား GACC မှတ်ပုံတင်လျှောက်ထားရာတွင် ကုန်စည်စု လေးမျိုးဖြစ်သည့် (၁) **Nuts and Seeds** (အစေ့အဆန်များ)၊ (၂) **Dried Fruits** (သစ်သီးခြောက်များ)၊ (၃) **Grain milling industrial products and Malt** (စက်ရုံထုတ်ကြိတ်ထားသော နံ့စားသီးနှံအမှုန့်များ)နှင့် (၄) **Dehydrated Vegetables** (ရေခဲတတ်ထုတ်ထားသော ဟင်းသီးဟင်းရွက်များ)တို့ကို Online System ဖြင့် လျှောက်ထားရမည်ဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာန (Competent Authority) မှ ထုတ်ပေးသော Sub-Account ဖြင့် https://www.cifer.singlewindow.cn တွင် ဝင်ရောက်လျှောက်ထားရမည်ဖြစ်ပါသည်။ GACC မှတ်ပုံတင်ရရှိမှုကို https://ciferquery.singlewindow.cn/ တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကုန်စည်စု ခုနစ်မျိုးဖြစ်သည့် (၁) **Edible Grains** (စားသုံးနိုင်သောနံ့စားအစေ့အဆန်များ)၊ (၂) **Oil Seeds** (ဆီထွက်သီးနှံစေ့များ)၊ (၃) **Dried Beans** (ပဲမျိုးစုံ)၊ (၄) **Unroasted Coffee Beans** (မလှော်ရသေးသည့် ကော်ဖီစေ့များ)၊ (၅) **Fresh Vegetables** (လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ)၊ (၆) **Plant-derived Seasonings (Plant Spices)** (အပင်မှရရှိသော ဟင်းခတ်အမွှေးအကြိုင်များ)၊ (၇) **Plant-derived Traditional Chinese Medicine Materials** (အပင်မှရရှိသော တရုတ်တိုင်းရင်းဆေးပစ္စည်းများ)တို့ကို Manual System ဖြင့် လျှောက်ထားရမည်ဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီး အင်းစိန် ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ခြင်း**




> **"တရုတ်နိုင်ငံ GACC အနေဖြင့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများအား GACC မှတ်ပုံတင်ခွင့်ပြုနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနကို Competent Authority (သက်ဆိုင်ရာအာဏာပိုင်အဖွဲ့)အဖြစ် သတ်မှတ်လက်ခံထားပြီး စိုက်ပျိုးရေးဦးစီးဌာန၏ စစ်ဆေးထောက်ခံချက်ဖြင့် ပေးပို့လျှောက်ထားမှုများကို စိစစ်ခွင့်ပြုပေးလျက်ရှိ၊ ယခင်နှစ်ပေါင်းများစွာကတည်းက လွတ်လပ်စွာ ကုန်သွယ်မှုခွင့်ပြုပြီးဖြစ်သော မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများအား GACC တွင် တရားဝင်မှတ်ပုံတင်ခွင့်ပြုပေးပြီး တင်သွင်းခွင့်ပြုလျက်ရှိ"**

**ဝင်ရောက်ကြည့်ရှုနိုင်**

လျှောက်ထားသော ကုန်ပစ္စည်းများ၏ သိုလှောင်ရုံများ၊ ပြုပြင်ထုပ်ပိုးမှုများကို စစ်ဆေးမှုခံယူရမည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီသော လျှောက်ထားမှုများကို စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် GACC မှတ်ပုံတင်ရရှိရေးအတွက် ထောက်ခံပေးပို့လျှောက်ထားပေးလျက်ရှိပါသည်။ ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် GACC မှတ်ပုံတင်ရရှိမှုအား တရုတ်နိုင်ငံ GACC ၏ Website များဖြစ်သော http://scintl.chinaport. gov.cn/aprwebserver/pages/apr/public/html/companyList.html နှင့် http://dzs.customs.gov.cn/ တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကုန်စည်စုတစ်ခုချင်းတွင်ပါဝင်သည့် ကုန်ပစ္စည်းအမျိုးအမည်များနှင့် ကုန်စည်စုအလိုက် လျှောက်ထားရမည့်စနစ်ကို ဇယားတွင် ဖော်ပြထားပါသည်-

| စဉ် | ကုန်ပစ္စည်း အမျိုးအမည် (အင်္ဂလိပ်) | ကုန်ပစ္စည်း အမျိုးအမည် (မြန်မာ) | ကုန်စည်စုနှင့် လျှောက်ထားရမည့်စနစ် |
|---|---|---|---|
| **Online System စနစ်ဖြင့် လျှောက်ထားရမည့် ကုန်စည်စု လေးမျိုးနှင့် ကုန်ပစ္စည်းအမျိုးအမည်များ** | | | |
| ၁ | Dried Cashews | သီဟိုဠ်စေ့ | Nuts and Seeds (အစေ့အဆန်များ) |
| ၂ | Dried Mango | သရက်သီးခြောက် | Dried fruit (သစ်သီးခြောက်များ) (၂ မှ ၈ ထိ) |
| ၃ | Dried Coconut, Coconut Meat | အုန်းသီးခြောက်၊ အုန်းသီးဆန် | |
| ၄ | Dried Olives | သံလွင်သီးခြောက် | |
| ၅ | Sea Copra | အုန်းသီး(အသေး) | |
| ၆ | Dried Longan | လောင်ဂန်သီးခြောက် | |
| ၇ | Dried Tamarind | မန်ကျည်းသီး (အချို) | |
| ၈ | Dried jujube | ဇီးသီးခြောက် | |
| ၉ | Buckwheat Flour | ပန်းဂျုံမှုန့် | Cereal milling industrial products and malt(စက်ရုံထုတ်ကြိတ်ထားသော နံ့စားသီးနှံအမှုန့်များ) |
| ၁၀ | Dried Konjac | ဝဥခြောက် | Dehydrated Vegetables (ရေခဲတတ်ထုတ်ထားသော ဟင်းသီးဟင်းရွက်များ) |
| **Manual System စနစ်ဖြင့် လျှောက်ထားရမည့် ကုန်စည်စု ခုနစ်မျိုးနှင့် ကုန်ပစ္စည်းအမျိုးအမည်များ** | | | |
| ၁၁ | Sorghum | နံ့စားပြောင်း | Edible Grains (စားသုံးနိုင်သော နံ့စားအစေ့အဆန်များ) (၁၁ မှ ၁၆ ထိ) |
| ၁၂ | Millet (millet) | လူး၊ ဆပ် | |
| ၁၃ | Buckwheat | ပန်းဂျုံ | |
| ၁၄ | Husk Millet | အခွံမပါ လူး၊ ဆပ် | |
| ၁၅ | Shelled Buckwheat | အခွံမပါ ပန်းဂျုံ | |
| ၁၆ | Shelled Millet | အခွံမပါ လူး၊ ဆပ် | |
| ၁၇ | Peanut | မြေပဲ | Oil Seeds (ဆီထွက်သီးနှံစေ့များ) (၁၇ မှ ၂၀ ထိ) |
| ၁၈ | Sesame | နှမ်း | |
| ၁၉ | Cotton Seed | ဝါစေ့ | |
| ၂၀ | Oil Palm Fruit and Oil Palm Kernel | ဆီအုန်းသီးနှင့် အဆန် | |
| ၂၁ | Dried Butter beans | ထောပတ်ပဲ | Dried Beans (ပဲမျိုးစုံ) (၂၁ မှ ၃၄ ထိ) |
| ၂၂ | Dried red beans/ Adzuki beans | ပတ္တမြားပဲ/ပဲတီနီ | |
| ၂၃ | Dried Red Kidney Beans | မြေထောက်ပဲ(အသေး) | |
| ၂၄ | Dried Cowpeas | ပဲလွမ်း | |
| ၂၅ | Dried peas | ပဲစိမ်း | |
| ၂၆ | Dried kidney beans | မြေထောက်ပဲ၊ ပဲဇီးကွက် | |
| ၂၇ | Dried pearl beans/White bean | နိုင်လွန်ပဲ၊ ပဲစာဥ | |
| ၂၈ | Dried lentils | ပဲနီလေး/ ပဲရာဇာ | |
| ၂၉ | Dried broad beans | တောင်ကြီးပဲ/ပဲကြီး | |
| ၃၀ | Dried rice beans | ပဲယင်းနီ | |
| ၃၁ | Dried black beans | မတ်ပဲ | |
| ၃၂ | Dried mung beans | ပဲတီစိမ်း | |
| ၃၃ | Dried Eyebrow Peas | ပဲလွမ်းဖြူ | |
| ၃၄ | Dried bamboo beans | ပဲယင်းဝါ | |
| ၃၅ | Coffee Beans | မလှော်ရသေးသည့် ကော်ဖီစေ့ | Unroasted coffee beans (မလှော်ရသေးသည့် ကော်ဖီစေ့များ) |

စာမျက်နှာ ၉ သို့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တပ်ကုန်းမြို့နယ်၌ လေပြင်းဘေး ကြိုတင်ကာကွယ်ရေးအတွက် နေအိမ်များ အားဖြည့်မွမ်းမံပြင်ဆင်မှုများ လိုက်လံကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းတို့နှင့်အတူ တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာ၌ ကျင်းပသည့် လေပြင်းဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ အားဖြည့်ဆောင်ရွက်ခြင်းလုပ်ငန်းစီမံချက်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် နွေကြိုကာလ၊ မိုးကြိုကာလ၊ မိုးကာလများတွင် လေပြင်းတိုက်ခတ်မှုများကြောင့် နိုင်ငံအဝန်း လူနေအိမ်အဆောက်အအုံများ အမိုးလန်ခြင်း၊ ယိုင်လဲခြင်း၊ ပြိုကျခြင်းများကို နှစ်စဉ်တွေ့ကြုံရလေ့ရှိကြောင်း၊ ယနေ့ကျင်းပသည့် အားဖြည့်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းစီမံချက် ဖွင့်ပွဲအခမ်းအနားသည် ၂၀၂၆ ခုနှစ် နွေကြိုကာလ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် ကိုးခုတွင် ဆောင်ရွက်မှုအတွက် စီမံချက်စတင်ခြင်းအခမ်းအနားဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အားဖြည့်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်သည့် နိုင်ငံတော်က ထောက်ပံ့ကူညီမှုပြုပေးရမည့် နေအိမ်များကို ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရွေးချယ်၍ နမူနာပြ ဆောင်ရွက်မှုဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ရာသီကာလအလျောက် ဒေသအလိုက်ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များကို မပျက်သတိပြု၍ ထိခိုက်ဆုံးရှုံးမှုလျော့နည်းစေနိုင်သည့် စီမံမှုများကို သိရှိကြရန်နှင့် စဉ်ဆက်မပြတ်လိုက်နာဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ နေအိမ်များ အားဖြည့်မွမ်းမံပြင်ဆင်မှု၊ နမူနာပြဆောင်ရွက်ခြင်းနှင့်အတူ လေပြင်းဘေးထိခိုက်မှု လျော့နည်းစေနိုင်သည့် ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် စပ်လျဉ်းသည့် ပြည်သူလူထုအသိပညာပေးခြင်း လုပ်ငန်းများကို တစ်ပါတည်း ဆောင်ရွက်ခြင်းဖြင့် လေပြင်းဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့ကျရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု ကလွင်ရွာမရပ်ကွက်တွင် နေအိမ်များ အားဖြည့်မွမ်းမံပြင်ဆင်ခြင်း လက်တွေ့ဆောင်ရွက်နေမှု၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ကိုင်းချောင်းကျေးရွာအုပ်စု မန်ကျည်းတောကျေးရွာ၌ နေအိမ်များ အားဖြည့်မွမ်းမံပြင်ဆင်ခြင်း လက်တွေ့ဆောင်ရွက်နေမှု၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ပြည်တော်သာတောင်ရပ်ကွက်၌ လေပြင်းဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးလိုက်လံနှိုးဆော်မှုနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေနေမှု၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရပ်ကွက်(၁၈)၌ လေပြင်းဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ဆောင်ရွက်နေမှုတို့ကို အွန်လိုင်းမှ ကြည့်ရှုအားပေးသည်။

ယင်းနောက် အေးချမ်းသာစံပြကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက လေပြင်းဘေးကြိုတင်ကာကွယ်ရေးအတွက် အားဖြည့်ဆောင်ရွက်ပေးမှုနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် နေပြည်တော်ကောင်စီဝင်တို့က တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများကို ပြည်သူများထံပေးအပ်၍ တပ်ကုန်းမြို့ အေးချမ်းသာစံပြကျေးရွာ၌ နေအိမ်များ အားဖြည့်မွမ်းမံပြင်ဆင်နေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


## မြန်မာ့လက်ဖက်ခင်းပုံ (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်သည့် မြန်မာ့လက်ဖက်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့လက်ဖက်ခင်းပုံ (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးအား ဖေဖော်ဝါရီ ၂၆ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော် ဇဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဇဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက် (ကြာသပတေးနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**




*စာမျက်နှာ ၈ မှ*

| | | | |
|---|---|---|---|
| ၃၆ | Fresh Garlic Moss and Garlic Sprouts (including Green Garlic) | ကြက်သွန်ဖြူနှင့် ကြက်သွန်မြိတ်(အစို) | Fresh vegetables (လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ) (၃၆ မှ ၄၄ ထိ) |
| ၃၇ | Fresh Garlic | ကြက်သွန်ဖြူ (အစို) | |
| ၃၈ | Fresh Onions | ကြက်သွန်နီ (အစို) | |
| ၃၉ | Fresh Peppers (including Bell Peppers) | ငရုတ်(အစို) (ငရုတ်ပွများအပါအဝင်) | |
| ၄၀ | Fresh Konjac | ဝဥ (အစို) | |
| ၄၁ | Pumpkin, Winter Squash and Gourd (Cucurbita),Fresh | ရွှေဖရုံသီး၊ ဖရုံမျိုးရင်းများ၊ ဘူးသီး(အစို) | |
| ၄၂ | Fresh Yam | မြောက်ဥ(အစို) | |
| ၄၃ | Cowpeas and Kidney Beans, Fresh (whether depodded or not) | ပဲလွမ်း၊ မြေထောက်ပဲ (အစို) | |
| ၄၄ | Dried Taro | ပိန်းဥခြောက် | |
| ၄၅ | Star Anise | နာနတ်ပွင့် | Plant-derived seasonings (အပင်မှရရှိသော ဟင်းခတ်အမွှေးအကြိုင်များ) (၄၅ မှ ၅၀ ထိ) |
| ၄၆ | Black Pepper | ငရုတ်ကောင်း | |
| ၄၇ | Turmeric | နနွင်း | |
| ၄၈ | Dried Chili | ငရုတ်သီးခြောက် | |
| ၄၉ | Cinnamon and Cinnamon Flower | သစ်ကြမ်းပိုးခေါက်နှင့် အပွင့် | |
| ၅၀ | Ginger | ချင်း | |
| ၅၁ | Chinese Traditional Medicines | တရုတ်တိုင်းရင်းဆေးများ | Plant-derived traditional Chinese medicine materials (အပင်မှရရှိသော တရုတ်တိုင်းရင်းဆေးပစ္စည်းများ) |

GACC မှတ်ပုံတင် လျှောက်ထားရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် လျှောက်လွှာပုံစံများကို စိုက်ပျိုးရေးဦးစီးဌာန၏ Website ဖြစ်သော https://www.doa.gov.mm နှင့် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ၏ Website: ဖြစ်သော https://ppd.doa.gov.mm/ တို့ တွင် ဖော်ပြထားပြီး Download (ဒေါင်းလုတ်)ရယူ၍ လျှောက်ထားနိုင်ပါသည်။

ထို့ပြင် ဈေးကွက်ရှိသော စိုက်ပျိုးရေးထွက်ကုန်သီးနှံအမည်သစ်များ တင်ပို့နိုင်ရေးအတွက်လည်း တရုတ် - မြန်မာ နှစ်နိုင်ငံညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါသည်။ နှစ်နိုင်ငံသဘောတူညီချက် (Protocol) လက်မှတ်ရေးထိုးပြီးဖြစ်သော (၁) ဆန်/ဆန်ကွဲ၊ (၂) ပြောင်း၊ (၃) ငှက်ပျောသီး၊ (၄) ပဲပုပ်၊ (၅) နာနတ်သီးနှင့် (၆) မက္ကာဒေးမီးယားတို့ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် GACC မှတ်ပုံတင်လျှောက်ထားလိုသည့် ကုမ္ပဏီများအား စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest - EOI) တင်ပြရန် ဖိတ်ခေါ်၍ သတ်မှတ်အရည်အချင်း၊ သတ်မှတ်ချက်များနှင့် ပြည့်စုံကိုက်ညီမှုရှိသော လုပ်ငန်းကုမ္ပဏီများ၊ စိုက်ခင်း/ခြံများ၊ ပြုပြင်ထုပ်ပိုးရုံများကို GACC မှတ်ပုံတင်ရရှိရန် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် GACC မှတ်ပုံတင် လျှောက်ထားပေးလျက်ရှိရာ ၃၁-၁-၂၀၂၆ ရက်နေ့အထိ GACC တွင် မှတ်ပုံတင်ရရှိထားသော ကုမ္ပဏီစုစုပေါင်း ၂၃၀၈ ခုရှိပြီး စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိပါသည်။ မြန်မာ့ထွက်ကုန်များသည်လည်း တရုတ်ဈေးကွက်သို့ အရည်အသွေးပြည့်မီစွာ ဝင်ရောက်နိုင်ခဲ့ပြီး ကုန်သွယ်မှုပမာဏ သိသိသာသာ တိုးတက်လာခဲ့ပါသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုတိုးတက်မြင့်မားစေရန် ဆောင်ရွက်ရုံသာမက အခြားနိုင်ငံတကာ ဈေးကွက်ရရှိရေးအတွက် (Technical Market Access Information: TMA Information) နည်းပညာအချက်အလက်များနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များအား ရေးသားပြုစု၍ ကုန်သွယ်ဖက်နိုင်ငံများ၏ လိုအပ်ချက်အရ ညှိနှိုင်းပေးပို့လျက်ရှိပါသည်။

စိုက်ပျိုးရေးဦးစီးဌာနသည် ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ ဈေးကွက်ရရှိရေး၊ ပို့ကုန်ပမာဏ တိုးတက်တင်ပို့နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံသို့ စိုက်ပျိုးရေးထွက်ကုန်များတင်ပို့လိုသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် GACC မှတ်ပုံတင်ရရှိမှသာ တင်ပို့နိုင်မည်ဖြစ်ပါကြောင်းနှင့် GACC မှတ်ပုံတင်ရရှိရေးအတွက် လိုအပ်သည့် ကူညီမှုများနှင့် ဝန်ဆောင်မှုများ ပေးလျက်ရှိပါကြောင်းသိရှိနိုင်ရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

# ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အစည်းအဝေး(၁/၂၀၂၆) ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအစည်းအဝေး(၁/၂၀၂၆)ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်ငြိမ်းက အမှုတွဲများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်း လယ်ယာမြေများနှင့် အခြားမြေဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၊ ခရိုင်/ မြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတို့မှ စိစစ်တင်ပြလာသော အမှုတွဲ ၅၁ တွဲအား ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ ယနေ့ အစည်းအဝေး တက်ရောက်လာကြသူ(အားလုံး)၏ သဘောတူညီချက်ဖြင့် လုပ်ထုံး၊ လုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**စစ်တွေ ဖေဖော်ဝါရီ ၂၃**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက် ရွှေစေတီဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ ဆုတောင်းပြည့် မဟာကျန် ရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး ဆရာတော်ကြီးအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရွှေစေတီဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ RC နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ရွှေစေတီဘုန်းတော်ကြီးကျောင်း၌ ကျောင်းဆောင်အောက်ထပ် စကျင်ကျောက်ပြားခင်းခြင်း၊ အတွင်းနံရံဆေးသုတ်ခြင်းနှင့် သစ်သားတိုင်များအား ရွှေဆေးသုတ်ခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စစ်တွေမြို့ ရွာကြီးတောင်ရပ်ကွက်ရှိ အိမ်စိုးမေမိဘုန်းတော်ကြီးကျောင်းတိုက် RC နှစ်ထပ် ကျောင်းဆောင် ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းများ ပြည့်မီရေး၊ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများ ပြီးစီးစေရေး စေတနာထား ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွာကြီးတောင်ရပ်ကွက်ရှိ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ကယားပြည်နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် Grade-5 နှင့် အခြေခံပညာအလယ်တန်းဆင့် Grade-9 နှစ်ဆုံးစာမေးပွဲ အေးချမ်းစွာဖြေဆို



**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်သည် ကယားပြည်နယ် သယံဇာတရေးရာဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အခြေခံပညာမူလတန်းဆင့် Grade-5 နှင့် အခြေခံပညာ အလယ်တန်းဆင့် Grade-9 နှစ်ဆုံးစာမေးပွဲတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနေမှုများကို ကြည့်ရှုအားပေးသည်။

ထိုသို့ ကြည့်ရှုအားပေးစဉ် ဒုတိယဝန်ကြီးက ကြီးကြပ်ရေးမှူး၊ တွဲဖက်ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူး ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြရန်၊ စာမေးပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ကြရန်၊ ကျောင်းအတွင်း တည်ဆောက်ဆဲ စာသင်ဆောင်၊ ကျောင်းဆောင်များကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရန်နှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ကြရန်တို့ကို မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အဆိုပါ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းရှိ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး စာဖတ်ဝိုင်းသို့သွားရောက်၍ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံကာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆို အောင်မြင်နိုင်ရေး ပြင်းပြသော ဆန္ဒများနှင့်အတူ ဖွဲ့သတ္တိအပြည့်ဖြင့်အောင်မြင်အောင် ကြိုးစားကြရန် အားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လွိုင်ကော်တက္ကသိုလ်ရှိ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လွိုင်ကော် တက္ကသိုလ်အဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေပေးအပ်သည်။

ဆက်လက်၍ လွိုင်ကော် ပညာရေးဒီဂရီကောလိပ် ကယားသဇင်ခန်းမတွင် ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် လည်းကောင်း၊ ကယားပြည်နယ် ပညာရေးမှူးရုံး ပညာဗိမာန်ခန်းမတွင် အဆင့်မြင့် ပညာဦးစီးဌာနနှင့် ဆရာ အတတ်ပညာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြည်နယ်ပညာရေးမှူး၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများ၊ အရာထမ်း အမှုထမ်းများနှင့် လည်းကောင်း ရင်းရင်းနှီးနှီးတွေ့ဆုံ၍ သင်ကြားသင်ယူရေးနှင့် စီမံရေးဆိုင်ရာ ပညာရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး တက်ရောက်လာသူများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆွေးနွေးဖြေကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}**

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန်ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြော သွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ၂၀၃၀ ပြည့်နှစ်တွင် ရည်မှန်းချက်ပြည့်မီရမည့် ကျန်းမာရေးအညွှန်းကိန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ကျန်းမာရေးဝန်ကြီးဌာန ၂၀၃၀ ပြည့်နှစ်တွင် ရည်မှန်းချက်ပြည့်မီရမည့် ကျန်းမာရေးအညွှန်းကိန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက မကြာသေးမီက ပုဂ္ဂလိကကျန်းမာရေးဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေ ၂၀၂၆ ခုနှစ်ကို ပြဋ္ဌာန်းပြင်ဆင်ခဲ့ပြီးဖြစ်သည့်အတွက် ဥပဒေပြင်ဆင်ချက်တွင်ပါရှိသည့် လုပ်ငန်းစဉ်များကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးစီးဌာနအလိုက်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း၊ အီလက်ထရွန်နစ်အငွေ့ရှူစက်ဖြစ်သည့် အီလက်ထရွန်နစ်စီးကရက်၊ ယင်းအီလက်ထရွန်နစ် စီးကရက်ကဲ့သို့ အလားတူပစ္စည်းနှင့် ယင်းတို့၏ဆက်စပ်ပစ္စည်းများကို အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ (၉)အရ အရေးကြီးကုန်စည်အဖြစ် သတ်မှတ်၍ တားမြစ်မိန့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ တားမြစ်မိန့်နှင့်ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် လိုအပ်သည်များ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

၂၀၃၀ ပြည့်နှစ်တွင် ရောက်ရှိမည့် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်များ (Sustainable Development Goals) အနက်မှ ကျန်းမာရေးနှင့် သက်ဆိုင်သည့် SDG များကို ပြည့်မီအောင်ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူလူထု၏ မျှော်မှန်းလူ့သက်တမ်းတိုးမြင့်လာစေရေး လာမည့် ငါးနှစ်တာကာလသည် အရေးကြီးသည့်အတွက် နည်းဗျူဟာနှင့် လုပ်ငန်းစဉ်များချမှတ်၍ စနစ်တကျဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ပုံမှန်စောင့်ကြည့်ကြီးကြပ်ဆန်းစစ် သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ အခြေခံလိုအပ်ချက်များအား ဝန်ကြီးဌာနအနေဖြင့် ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း အတိုင်းအတာတစ်ခုအထိ ထိထိရောက်ရောက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်သဖြင့် လာမည့် ငါးနှစ်တာကာလအတွင်း မိမိတို့၏အဓိကရည်မှန်းချက်ဖြစ်သည့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လူတိုင်းလက်လှမ်းမီရရှိစေရေးနှင့် ပြည်သူလူထုမှ ကျန်းမာရေးအတွက် ကိုယ်တိုင်စိုက်ထုတ် ကျခံသုံးစွဲရသည့် ငွေကြေးကုန်ကျမှု လျော့နည်းစေရေး ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။



**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းနိုင်စိုးက ၂၀၃၀ ပြည့်နှစ်တွင် ရည်မှန်းချက်ပြည့်မီရမည့် ကျန်းမာရေးအညွှန်းကိန်းများနှင့်စပ်လျဉ်း၍ လက်ရှိမြန်မာနိုင်ငံတွင် ရရှိနေသောအညွှန်းကိန်းရလဒ်များနှင့် ၂၀၃၀ တွင် ပြည့်မီရမည့် အညွှန်းကိန်းများအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များက ရှေ့ဆက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဖြည့်စွက်ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်အလိုက်ရရှိထားသော အညွှန်းကိန်းရလဒ်များနှင့် ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီရမည့် အညွှန်းကိန်းများအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေကို တင်ပြဆွေးနွေးသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥပဒေအကြံပေး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာဝါသနာရှင်အသင်း၏ သံတမန်များအဖြစ် စိုင်းစည်တွမ်ခမ်း၊ အောင်ဇမ္ဗူနှင့် မေလသံစဉ်တို့အား ခန့်အပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာဝါသနာရှင်အသင်း၏ သံတမန်များ ခန့်အပ်ခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် နားလည်မှုသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းနှင့် National ICT Awards-2025 (Educational Project & Skills Competition) တိုင်းအဆင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့က သာကေတမြို့နယ်ရှိ လူငယ်စင်တာ၌ ကျင်းပသည်။




ဦးစွာ တိုင်းဒေသကြီး ကွန်ပျူတာဝါသနာရှင်အသင်း၏ လှုပ်ရှားမှုမှတ်တမ်းနှင့် National ICT Awards- 2025 Educational Project & Skills Competition (Video Clip) တို့ကို ပြသခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ကွန်ပျူတာဝါသနာရှင် အသင်းနာယက ဦးနေအုပ်က မုဒိတာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ချိုချိုမြတ်အောင်က အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာဝါသနာရှင် အသင်းဥက္ကဋ္ဌ ဦးဌေးလင်းက အသင်း၏ လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာဝါသနာရှင်အသင်း၏ သံတမန်များအဖြစ် ရုပ်ရှင်သရုပ်ဆောင် ဒေါက်တာ စိုင်းစည်တွမ်ခမ်း၊ သဘင်အနုပညာရှင်အောင်ဇမ္ဗူ၊ တေးသံရှင် မေလသံစဉ်တို့အား ခန့်အပ်ခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ကွန်ပျူတာဝါသနာရှင် အသင်းဥက္ကဋ္ဌက မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် Myanmar Tourism Bank၊ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)၊ မြန်မာအနုပညာနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ မြန်မာနိုင်ငံဗမာတိုင်းရင်းသား လုပ်ငန်းရှင်များအသင်း၊ Rotaract Club of Myanmar၊ UTS ကိုယ်ပိုင်အထက်တန်းကျောင်း၊ ရွှေပြည်ဟိန်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ ယုဇနအလင်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပညာထွန်းတောက် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Streamline Training Learning Centre၊ အမေ့အိမ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ကောင်းမြတ်သာ ကိုယ်ပိုင်အထက်တန်းကျောင်း စသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် နားလည်မှုသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီး ပံ့ပိုးကူညီသူများနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ကာ National ICT Awards (Educa-tional Project & Skills Compe-tition) ခရိုင်အဆင့်/ တိုင်းဒေသကြီးအဆင့်၊ ဆရာအဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စုစုပေါင်း ၂၇ဦးအား ဆုချီးမြှင့်ခြင်းနှင့် ပြိုင်ပွဲဝင် ၁၀၂ ကျောင်းကို ဂုဏ်ပြုလွှာမှတ်တမ်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

## ဆားပြင် (တိုးချဲ့) ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မ ခွဲ(င)အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရခိုင်ပြည်နယ် တောင်ကုတ်ခရိုင် တောင်ကုတ်မြို့နယ်ရှိ ဧရိယာအကျယ်အဝန်း ၁၀၅၈၁၅ ဧကရှိသော နယ်မြေကို ဆားပြင်(တိုးချဲ့) ကြိုးပြင်ကာကွယ်တောအဖြစ် အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၆) အရ (၁၃၈၇)ခုနှစ်၊ တပေါင်းလဆန်း(၃)ရက်၊ (၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေမြေထိန်းသိမ်းကာကွယ်ရန်၊ သဘာဝဝန်းကျင်နှင့် ဇီဝမျိုးများထိန်းသိမ်းကာကွယ်ရန်၊ ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝတောကျန်များအား ထိန်းသိမ်းခြင်းကြောင့် သစ်တောဖုံးလွှမ်းမှုတိုးတက်စေရန်၊ သစ်တောဖုံးလွှမ်းလျက်ရှိသည့် မြေလွတ်မြေရိုင်းများအား ထိန်းသိမ်းကာကွယ်ရန်နှင့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောများ သတ်မှတ်ဖွဲ့စည်းခြင်းဖြစ်ပါသည်။

ဆားပြင် (တိုးချဲ့) ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် အမြဲစိမ်းတောနှင့် ရွက်ပြတ်ရောနှောတောအမျိုးအစားဖြစ်သည့် ပျဉ်းကတိုး၊ သက်န်း၊ ကညင်၊ ကညောင်း၊ စံကားဝါ၊ သင်္ဂဒူ၊ တောင်ပိန္နဲ၊ တောင်သရက်၊ သပြေ၊ ကြက်ရိုး၊ မျောက်ငို၊ ဘင်္ဂ၊ စစ် စသည့် ဒေသသစ်မျိုးများနှင့် ကရင်ဝါး၊ မဒေးဝါး၊ တရဂူဝါးများအပြင် နဘက်ကြိမ်၊ ကြက်ဥကြိမ်များအား ထိန်းသိမ်းပြုစုနိုင်မည်ဖြစ်ခြင်း၊ ပြောင်၊ ဆတ်၊ ချေ၊ တောင်ဆိတ်၊ တောဝက်၊ ဝက်ဝံ၊ ကျားသစ်၊ တောကြောင်၊ စပါးကြီးမြွေ၊ မျောက်၊ မျောက်လွှဲကျော်၊ ကုန်းလိပ်၊ ရခိုင်တောင်လိပ် စသည့် ရှားပါးတောရိုင်း တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသများကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်း၊ မြေဆီလွှာတိုက်စားမှု လျော့နည်းစေခြင်းနှင့် မြေအောက်ရေထိန်းသိမ်းရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေခြင်း၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်စေနိုင်ခြင်း၊ သစ်တောဖုံးလွှမ်းမှု တိုးတက်လာပြီး ရာသီဥတုပိုမိုတိုးတက်ကောင်းမွန် မျှတလာနိုင်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။



ရခိုင်ပြည်နယ် တောင်ကုတ်ခရိုင် တောင်ကုတ်မြို့နယ်ရှိ ဆားပြင်(တိုးချဲ့) ကြိုးပြင်ကာကွယ်တော ၁၀၅၈၁၅ ဧက သဘာဝရှုခင်းပုံ။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

# အထက်ချင်းတွင်းဒေသနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်မှုများ

ဒေါက်တာ တင်မာမာဦး(DOA)

**နိုင်ငံတော်အစိုးရက ကျေးလက်နှင့် မြို့ပြ၊ တောင်တန်းနှင့် မြေပြန့်မကျန် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျေးလက်နှင့် မြို့ပြချိတ်ဆက်မှုကောင်းမွန်စေရန် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းများနှင့် တံတားများ တည်ဆောက်ပေးခြင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရန် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးခြင်းနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးခြင်း စသည်ဖြင့် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။**


မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Myanmar Sustainable Development Plan – MSDP) ၂၀၁၈–၂၀၃၀ ကို ရေးဆွဲထားပြီးဖြစ်ကာ ထို MSDP စီမံကိန်းတွင်ပါရှိသည့် သာယာဝပြောမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ၇ ရပ်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုနှင့် စီးပွားရေးလုပ်ငန်းအမျိုးမျိုးကို ပံ့ပိုးပေးမည့် ဦးစားပေး အခြေခံအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းစဉ်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။

ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပထဝီအနေအထား၊ သဘာဝအနေအထားတို့အရ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကွာခြားနေမှုကို လျှော့ချရန်၊ ကုန်စည်နှင့် ဝန်ဆောင်မှု လျင်မြန်သွက်လက်စေရန်အတွက် လမ်းပန်းဆက်သွယ်ရေးက အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အတွက် နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရန် လမ်းများ အဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်ဖောက်လုပ်ခြင်း ဆောင်ရွက်သလို တံတားများလည်း တစ်ပြေးညီ တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ချင်းတွင်းမြစ်သည် ဧရာဝတီမြစ်၏ အကြီးဆုံးသော မြစ်လက်တက်ဖြစ်ပါသည်။ ချင်းတွင်းမြစ်သည် ကချင်ပြည်နယ်၏ ကျယ်ဝန်းသည့် ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်တွင် မြစ်ဖျားခံစီးဆင်းလာပြီး မိုင်ပေါင်း ၇၅၀ ခန့် ရှည်လျားကာ မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးဖြစ်သည့် ဧရာဝတီမြစ်အတွင်းသို့ မြင်းခြံမြို့နှင့် ရေစကြိုမြို့တို့အနီးတွင် စီးဝင်ပါသည်။ ထူးခြားသည့်အချက်မှာ ချင်းတွင်းမြစ်သည် ထမံသီ ဘေးမဲ့တောနှင့် ဟူးကောင်းချိုင့်ဝှမ်း ကျားဘေးမဲ့တောတို့ကို ဖြတ်သန်းစီးဆင်းလျက်ရှိပါသည်။ ချင်းတွင်းမြစ်ပေါ်တွင် ချင်းတွင်းတံတား (ဆင်ဖြူရှင်)၊ ချင်းတွင်းတံတား (မုံရွာ)၊ ချင်းတွင်းတံတား (ဟုမ္မလင်း)၊ ချင်းတွင်းတံတား (ကလေးဝ)၊ ချင်းတွင်းတံတား (ခန္တီး) တို့ကို တည်ဆောက်ပြီးဖြစ်ပါသည်။

ဟုမ္မလင်းခရိုင် လေရှီးမြို့နယ်နှင့် လဟယ်မြို့နယ် အပါအဝင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် မြန်မာနိုင်ငံ အနောက်မြောက်ပိုင်း အစွန်အဖျားဒေသဖြစ်ပြီး တောင်ကုန်းတောင်တန်းများ ထူထပ်ပေါ်များကာ မြေပြန့်ဒေသ နည်းပါးသဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသဖြစ်ပါသည်။ သို့ဖြစ်ရာ ဟုမ္မလင်းခရိုင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသထွက်ကုန်များအား လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်ရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အထောက်အကူ ဖြစ်လာစေရေးအတွက် နိုင်ငံတော်က နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် လမ်းကွန်ရက်၊ တံတားကွန်ရက်ချိတ်ဆက်မှု တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ချင်းတွင်းမြစ် အရှေ့ဘက်ခြမ်းရှိ ဟုမ္မလင်းနှင့် ခန္တီးမြို့တို့နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လေရှီးမြို့နှင့် ဆွမ္မရာမြို့နယ်ခွဲတို့ကို ဆက်သွယ်သွားလာနိုင်မည့်



ချင်းတွင်းတံတား(ထမံသီ)အား တွေ့ရစဉ်။

**❝ ချင်းတွင်းတံတား (ထမံသီ) သည် ပင်းမာ- ထမံသီ - လေရှီး - ပန်ဆပ် - ဆွမ္မရာလမ်းပေါ်၌တည်ရှိပြီး သက္ကယ်ကျင်း- ဖောင်းပြင် - ဟုမ္မလင်း - ခန္တီးလမ်း မိုင်တိုင် ၂၄၇ ရှိ ပင်းမာရွာမှ ချင်းတွင်းမြစ်ကိုဖြတ်၍ ထမံသီမှတစ်ဆင့် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသရှိ လေရှီးမြို့နှင့် ဆွမ္မရာမြို့နယ်ခွဲကို ဆက်သွယ်ပေးသည့် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားမှာ အရှည် ၂၆၂၈ ပေ၊ တံတားအခန်းပေါင်း ၁၅ ခန်း၊ ရေလမ်းကင်းလွတ်အမြင့် ပေ ၄၀ (HFL)ဖြင့် တည်ဆောက်ခဲ့ပြီး ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းရှိ ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်မြို့တို့နှင့် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းရှိ လေရှီး၊ ဆွမ္မရာဒေသမှ ဒေသခံပြည်သူများ ခရီးသွားလာမှု မြန်ဆန်ကောင်းမွန်စေရန်နှင့် လူမှုစီးပွားဘဝမြင့်မားပြီး ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ တည်ဆောက်ထားခြင်းဖြစ် ❞**

ချင်းတွင်းတံတား(ထမံသီ) ကို ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်မှစတင်၍ တည်ဆောက်ပေးခဲ့ပါသည်။ အဆိုပါ ချင်းတွင်းတံတား (ထမံသီ) သည် ပင်းမာ– ထမံသီ– လေရှီး – ပန်ဆပ် – ဆွမ္မရာလမ်းပေါ်၌ တည်ရှိပြီး သက္ကယ်ကျင်း– ဖောင်းပြင်– ဟုမ္မလင်း – ခန္တီးလမ်း မိုင်တိုင် ၂၄၇ ရှိ ပင်းမာရွာမှ ချင်းတွင်းမြစ်ကို ဖြတ်၍ ထမံသီမှတစ်ဆင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လေရှီးမြို့နှင့် ဆွမ္မရာမြို့နယ်ခွဲကို ဆက်သွယ်ပေးသည့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပါသည်။ တံတားမှာ အရှည် ၂၆၂၈ ပေ၊ တံတားအခန်းပေါင်း ၁၅ ခန်း၊ ရေလမ်းကင်းလွတ်အမြင့် ပေ ၄၀ (HFL)ဖြင့် တည်ဆောက်ခဲ့ပါသည်။

အဆိုပါတံတားကို ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းရှိ ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်မြို့တို့နှင့် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းရှိ လေရှီး၊ ဆွမ္မရာဒေသမှ ဒေသခံပြည်သူများ ခရီးသွားလာမှု မြန်ဆန်ကောင်းမွန်စေရန်နှင့် လူမှုစီးပွားဘဝမြင့်မားပြီး ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ တည်ဆောက်ထားခြင်းဖြစ်ရာ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့က နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့် ဖွင့်လှစ်ပေးခဲ့ပါသည်။

ယခုအခါ သွားလာဆက်သွယ်မှု လွယ်ကူသွားသည့်အတွက် နာဂသွေးချင်းများ၏ အဓိကအလုပ်အကိုင် အသက်မွေးဝမ်းကျောင်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်တော့မည် ဖြစ်သကဲ့သို့ ထွက်ရှိလာသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များကိုလည်း မြေပြန့်ဒေသများသို့ အလွယ်တကူ တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် စီးပွားရေးကွင်းဆက် ဖွံ့ဖြိုးတိုးတက်လာမည်လည်း ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုသည်လည်း အဓိကအစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရက လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ပြည့်မီရန်၊ လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်ရန်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများ တိုးတက်လာစေရန်နှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများချမှတ်ထားရှိရာ ထိုမူဝါဒအား အကောင်အထည်ဖော်ဆောင်သည့်အနေဖြင့် တိုင်းဒေသကြီးအစိုးရက ရေအားလျှပ်စစ်စီမံကိန်းများနှင့် ဆိုလာဓာတ်အားပေးစက်ရုံများကို တိုင်းဒေသကြီး၏ဒေသအနှံ့အပြားတွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ခန္တီးမြို့၊ ၁ မဂ္ဂါဝပ် ဆိုလာဓာတ်အားပေးစက်ရုံကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၃ ရက် နံနက်ပိုင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီး ဆိုလာပြား ၁၅၄၂ ချပ်၊ အင်ဗာတာ ၁၂၅ ကီလိုဝပ် ၈ လုံးနှင့် ဘက်ထရီ ၂၈၈ လုံး တပ်ဆင်ကာ ခန္တီးမြို့နေပြည်သူများအား ၂၄ နာရီ လျှပ်စစ်မီးပေးလျက်ရှိပါသည်။

ထိုနည်းတူ ဟုမ္မလင်း၊ ခန္တီးနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပြည်သူများအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်း နမ့်ပငချောင်း အသေးစား ရေအားလျှပ်စစ်စီမံကိန်းနှင့် ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်းတို့ကိုလည်း တည်ဆောက်ပေးလျက်ရှိပါသည်။

နမ့်ပငချောင်း အသေးစား ရေအားလျှပ်စစ်စီမံကိန်းသည် ဟုမ္မလင်းမြို့၏ အနောက်ဘက် ၇ ဒသမ ၅ မိုင်ခန့်အကွာ နားသကျိုက် ကျေးရွာအနီးတွင် တည်ရှိပြီး ရေဆင်းဧရိယာ ၃၉၀ ဒသမ ၇၃ စတုရန်းမိုင်၊ တမံအမျိုးအစား Concrete Gravity Dam ဖြစ်ပြီး တမံအလျား ၄၇၃ ပေ၊ တမံအမြင့် ၁၁၄ ဒသမ ၈ ပေ၊ ရေအားအမြင့် ၈၀ ဒသမ ၃၈ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ၁၁၃၅၂ ဧကေ၊ ရေပိုလွှဲအမျိုးအစား သံကူကွန်ကရစ် အမျိုးအစား ဖြစ်ပါသည်။ တပ်ဆင်စက်အင်အား ၆ မဂ္ဂါဝပ် (၂ x ၃ မဂ္ဂါဝပ်) နှစ်စဉ်ပျမ်းမျှထုတ်နိုင်သည့် ဓာတ်အား ၃၄ ဒသမ ၆၈ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။ အဆိုပါ နမ့်ပငချောင်း အသေးစား ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ပြီးစီးပါက ဟုမ္မလင်းမြို့နှင့် ဒေသခံပြည်သူလူထုကို လျှပ်စစ်မီး လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။

ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်းကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်းရှိ ဟွေထိုက်ချောင်းပေါ်၌ ၂၀၂၃ ခုနှစ်မှစတင်၍ တည်ဆောက်နေခြင်းဖြစ်ပြီး ၄ မဂ္ဂါဝပ် တပ်ဆင်စက်အင်အားရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်၍ နှစ်စဉ် လျှပ်စစ်ဓာတ်အား ၂၀ ဒသမ ၃၈၁ ကီလိုဝပ် နာရီသန်းကို ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။ စီမံကိန်းပြီးစီးပါက လဟယ်မြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာ ၁၂ ရွာ၊ အိမ်ထောင်စု ၁၇၁၈ စုကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်။

*စာမျက်နှာ ၁၃ သို့*

# မုံရွာမြို့ အရှေ့ဘက်ကန်သာယာကန်ရှိ ရာပြည့်ကပ်ကျော်စေတီတော် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မုံရွာမြို့ အရှေ့ဘက် ကန်သာယာကန်ရှိ ရာပြည့်ကပ်ကျော်စေတီတော် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါစေတီတော်ပရိဝုဏ်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များမှ ဆရာတော် သံဃာတော်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မုံရွာမြို့ လယ်တီရပ်ကွက်ရှိ မဟာလယ်တီကျောင်းတိုက်ဦးစီးပဓာန နာယက ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မေတ္တာသုတ်ပရိတ်တရားတော်များအား နာယူကြည်ညိုကြကာ ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မုံရွာမြို့ အုတ်ကန်တောရစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တမာနိတထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်



ပရိသတ်များက အနုမောဒနာတရား နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး အငြိမ်းစားဝန်ထမ်း ၇၅၀ ကို အာဟာရဖြည့်စွက်စာကြက်ဥများပေးအပ်၍ မုံရွာခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေး စစ်ဆေးကုသပေးနေမှုနှင့် အငြိမ်းစားဝန်ထမ်းများအား အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီနှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေး (၂/၂၀၂၆) သို့ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီးက ဒေသဆိုင်ရာ၊ ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးမှ ဦးစီးမှူးက ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၆)၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု၊ ယခုအစည်းအဝေးတွင် ဆုံးဖြတ်အတည်ပြုပေးမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်းရှိ ခရီးသွားဇုန်များ၌ သန့်ရှင်းသပ်ရပ်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ခရီးသွားများ သွားလာရေး၊ နေထိုင်ရေးနှင့် ဟိုတယ်တည်းခိုရိပ်သာများပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာလုပ်ငန်းရှင်များက မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဖြည့်ဆည်းပေးရန် လိုအပ်မှုများကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား အခမဲ့ ဆေးကုသပေးနေမှု ကြည့်ရှုအားပေး

**မကွေး ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ နံနက် ၈ နာရီက မကွေးမြို့ မြန်မာ့စီးပွားရေးဘဏ်၌ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား အခမဲ့ ဆေးကုသပေးနေမှု၊ သွားတုအံကပ်တပ်ဆင်ရန် တိုင်းတာပေးနေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက အခမဲ့ဆေးကုသ ဆောင်ရွက်ပေးနေမှု၊ သွားတုအံကပ် တပ်ဆင်ပေးရန် တိုင်းတာပေးနေမှု၊ အခမဲ့ မျက်စိကုသဆောင်ရွက်ပေးနေမှုနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုပြီး ဆေးဝါးကုသမှုခံယူနေသူ နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကား ပြောကြားသည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် မကွေးတိုင်းဒေသကြီးအတွင်း နိုင်ငံ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် (အငြိမ်းစား)များအား ဆေးကုသမှုကုန်ကျစရိတ်သက်သာစေရန်နှင့် စနစ်တကျဆေးကုသမှု ခံယူနိုင်ရန်အတွက် အခမဲ့ဆေးကုသခြင်းအစီအစဉ်ကို လစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး အခမဲ့ ဆေးကုသမှုအဖြစ် သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးများ၊ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် အထွေထွေရောဂါကု ဆရာဝန်ကြီးများက ဦးဆောင်ကာ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။




ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မကွေးမြို့ အမှတ်(၁)နှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် (Grade- 5) နှင့် (Grade- 9)နှစ်ဆုံး စာမေးပွဲအား သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများအလိုက် ဖြေဆိုနေမှုကို ကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာဖြေဆိုနိုင်ရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

*စာမျက်နှာ ၁၂ မှ*

အထက်ချင်းတွင်းဒေသနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးနှင့် လျှပ်စစ်မီးရရှိရေးများ ဆောင်ရွက်ပေးထားမှုကြောင့် ရာသီမရွေး၊ အချိန်အခါမရွေး သွားလာရေးလွယ်ကူကာ ဒေသကုန်စည်စီးဆင်းမှုများ မြန်ဆန်ခြင်း၊ ဒေသအတွင်းရှိ တစ်ပိုင်တစ်နိုင် MSME လုပ်ငန်းများတွင် သုံးစွဲရန် လိုအပ်သည့် လျှပ်စစ်ဓာတ်အား ဖြည့်တင်းပေးနိုင်ခြင်းတို့ကြောင့် ဒေသတွင်းစိုက်ပျိုးမွေးမြူလုပ်ငန်းများမှ ရရှိသည့် ကုန်ကြမ်းများကိုအခြေခံ၍ ကုန်ထုတ်လုပ်ငန်းများ ထူထောင်လုပ်ကိုင်ခြင်းဖြင့် ရရှိသောကုန်ချောများကို တင်ပို့ရောင်းချခြင်းအားဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး ပြည်ပဝင်ငွေ တိုးတက်ရရှိလာနိုင်မည် ဖြစ်ပါသည်။

**"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိက ကျောရိုးဖြစ်သည့် MSME များကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်၊ တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှ ကုန်ကြမ်းများကိုအခြေခံ၍ တန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ပြီး ဒေသအလိုက် ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခု (OROP) ထုတ်ကုန်များ ပါဝင်ရောင်းချနိုင်ရန်နှင့် MSME များနှင့် ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၏ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းထုတ်ကုန်များ ဈေးရောင်းပွဲတော်များကို မုံရွာမြို့ ပြည်သူ့ဥယျာဉ်အတွင်း၌ ဈေးဆိုင်ခန်းပေါင်း ၂၃၀ ကျော်နှင့် ကလေးကစားကွင်းများဖြင့် ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့မှ ဒီဇင်ဘာလ ၂ ရက်နေ့အထိ တစ်ကြိမ်နှင့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှ ၁၇ ရက်နေ့အထိ တစ်ကြိမ် ခင်းကျင်းပြသရောင်းချခဲ့ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အားပေးကူညီမှုများကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၏ တောင်တန်းမြေပြန့်နေရာအနှံ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ၊ လျှပ်စစ်ဓာတ်အားများ ဖြည့်ဆည်းပေးခြင်းနှင့် ဒေသတွင်း MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကူညီဆောင်ရွက်ပေးခြင်းတို့ကြောင့် ဒေသအတွင်း စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာကာ လူမှုစီးပွားဘဝများ ပိုမိုမြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**"နမ့်ပငချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်းသည် ဟုမ္မလင်းမြို့၏ အနောက်ဘက် ၇ ဒသမ ၅ မိုင်ခန့်အကွာ နားသကျိုက်ကျေးရွာအနီးတွင်တည်ရှိပြီး ရေဆင်းဧရိယာ ၃၉၀ ဒသမ ၇၃ စတုရန်းမိုင်၊ တမံအမျိုးအစား Concrete Gravity Dam ဖြစ်ကာ တမံအလျား ၄၇၃ ပေ၊ တမံအမြင့် ၁၁၄ ဒသမ ၈ ပေ၊ ရေအားအမြင့် ၈၀ ဒသမ ၃၈ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၁၁၃၅၂ ဧကပေ၊ ရေပိုလွှဲအမျိုးအစား သံကူကွန်ကရစ်အမျိုးအစားဖြစ်၊ တပ်ဆင်စက်အင်အား ၆ မဂ္ဂါဝပ် (၂ x ၃ မဂ္ဂါဝပ်) နှစ်စဉ် ပျမ်းမျှထုတ်နိုင်သည့် ဓာတ်အား ၃၄ ဒသမ ၆၈ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်နိုင်မည်ဖြစ်ပြီး တည်ဆောက်ပြီးစီးပါက ဟုမ္မလင်းမြို့နှင့် ဒေသခံပြည်သူလူထုကို လျှပ်စစ်မီးလုံလောက်အောင် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်"**

# အီတလီနိုင်ငံ၌ ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲပိတ်ပွဲ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပ

**ဗာရိုနာ ဖေဖော်ဝါရီ ၂၃**

မီလန်နို ကော်တီနာ ၂၀၂၆ ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲ၏ ပိတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်က အီတလီနိုင်ငံမြောက်ပိုင်း



ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗာရိုနာမြို့၌ ကျင်းပသည်။

အဆိုပါပိတ်ပွဲအခမ်းအနားကို ရောမစက်ဝန်းပုံဇာတ်ရုံ ဗာရိုနာအာရီနာ၌ ဒေသစံတော်ချိန် ည ၈ နာရီခွဲတွင် စတင်ခဲ့သည်။ ပြိုင်ပွဲတွင်ပါဝင်ခဲ့သည့် ကိုယ်စားပြုနိုင်ငံနှင့် ဒေသများ၏ အလံများကို ကိုင်ဆောင်ထားသည့် အားကစားသမားများနှင့် စေတနာ့ဝန်ထမ်းများသည် ပိတ်ပွဲအခမ်းအနားကျင်းပရာ ဇာတ်ရုံထဲသို့ ချီတက်ဝင်ရောက်လာခဲ့ကြသည်။ ထိုသို့ ဝင်ရောက်လာသူများထဲတွင် ငွေတံဆိပ် နှစ်ခုရရှိခဲ့သည့် ဂျပန်အမျိုးသမီး အလှပြစကိတ်အားကစားမယ် ဆာကာမိုတို ကာအိုရီနှင့် ဂျပန် အမျိုးသား အမြန်စကိတ်စီးအားကစားသမား မိုရီရှီဂီဝါတာရူတို့ ပါဝင်ခဲ့ကြသည်။

ထို့နောက် ဂျပန်နှင့် အီတလီ နှစ်နိုင်ငံအလံများကို ဝှေ့ယမ်းလာသည့် အဖွဲ့ဝင် ၅၀ ခန့် ပါဝင်သည့် ဂျပန်အသင်းအပါအဝင် အားကစားသမားများ လိုက်ပါလာခဲ့သည်။

"Beauty in Action" ဟု အမည်ပေးထားသည့် ပိတ်ပွဲအခမ်းအနားတွင် အော်ပရာပြဇာတ်နှင့်အတူ သီချင်းနှင့် အကဖျော်ဖြေမှုများ ပါဝင်ဖျော်ဖြေခဲ့ကြသည်။ French Alps ၂၀၃၀ ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ပြင်သစ်နိုင်ငံနှင့်ဒေသများမှ ကိုယ်စားလှယ်များထံ အိုလံပစ်အလံအား လွှဲပြောင်းပေးအပ်ခဲ့သည်။ မသန်စွမ်း ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲများကို မတ် ၆ ရက်တွင် စတင်ကျင်းပရန် စီစဉ်ထားသည်။

**အင်န်အိတ်ချ်ကေ**

## လာအို၌ လေထုညစ်ညမ်းမှုနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစီမံကိန်း စတင်ဆောင်ရွက်

**ဗီယင်ကျန်း ဖေဖော်ဝါရီ ၂၃**

လာအိုနိုင်ငံသည် ပိုသန့်ရှင်းပြီး ကျန်းမာသော ပတ်ဝန်းကျင်ကိုမြှင့်တင်ရန် လေထုညစ်ညမ်းမှုနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစီမံကိန်းတစ်ခုကို စတင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်မှ ၂၀၃၁ ခုနှစ်အထိ ဆောင်ရွက်မည့် အဆိုပါစီမံကိန်းသည် ရည်မှန်းထားသည့် ဒေသများတွင် လေထုညစ်ညမ်းမှုထိန်းချုပ်ရေး အားကောင်းလာစေရန်၊ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတိုးတက်ကောင်းမွန်စေရန်နှင့် ဘေးအန္တရာယ်များ ဖြစ်ပွားချိန်တွင် အရေးပေါ်တုံ့ပြန်နိုင်စွမ်းများ ပိုမိုကောင်းမွန်စေရန်ရည်ရွယ်ကြောင်း လာအို Economic Daily ၌ ဖေဖော်ဝါရီ ၂၃ ရက်က ဖော်ပြထားသည်။

လာအိုနိုင်ငံ၌ အိမ်ထောင်စုများသည် နေ့စဉ် စွန့်ပစ်ပစ္စည်း တန်ချိန် ၆၉၀၀ ခန့် ထွက်ရှိပြီး မြို့တော် ဗီယင်ကျန်းသည် စွန့်ပစ်ပစ္စည်း ၁၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ အဆိုပါစီမံကိန်းသည် ပိုမိုစနစ်ကျပြီး ထိရောက်သည့်စွန့်ပစ်ပစ္စည်း စုဆောင်းခြင်း ဝန်ဆောင်မှုပေးခြင်းဖြင့် လူပေါင်း ၆၄၅၀၀၀ ခန့် သို့မဟုတ် ဗီယင်ကျန်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည်ဟု ခန့်မှန်းထားကြောင်း ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**





## တရုတ်နှစ်သစ်ကူး အားလပ်ရက်အတွင်း ဗီယက်နမ်နိုင်ငံသို့ ခရီးသည် ၁၄ သန်း လာရောက်လည်ပတ်

**ဟန္နွိုင်း ဖေဖော်ဝါရီ ၂၃**

ဗီယက်နမ်နိုင်ငံသည် ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၂ ရက်အထိ ကိုးရက်ကြာ တရုတ်နှစ်သစ်ကူး အားလပ်ရက်အတွင်း ခရီးသည် ၁၄ သန်းခန့် လာရောက်လည်ပတ်မှုကို ကြိုဆိုလျက်ရှိကြောင်း သိရသည်။ အဆိုပါအရေအတွက်မှာ ယမန်နှစ်ကထက် ၁၂ ရာခိုင်နှုန်း တိုးလာကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖေဖော်ဝါရီ ၂၃ ရက်တွင် ထုတ်ပြန်ထားသည်။

ဟိုချီမင်းမြို့၏ တောင်ဘက်အချက်အချာတွင် ခရီးသည် ၄ ဒသမ ၃၂ သန်းခန့်ဖြင့် လာရောက်လည်ပတ်မှုအရေအတွက် အများဆုံးဖြစ်ရာ ခရီးသွားလုပ်ငန်းမှ ဝင်ငွေ ဗီယက်နမ်ဒေါင် ၁၂၁၅၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄၆၈ သန်းခန့်) ရရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ဗီယက်နမ် မီးရထားလုပ်ငန်းက အဆိုပါအားလပ်ရက်အတွင်း ခရီးသွားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် မီးရထားဝန်ဆောင်မှု ၁၉၀၀ ခန့် လုပ်ငန်းလည်ပတ်ပေးနိုင်ခဲ့ကြောင်း ဗီယက်နမ်ရုပ်မြင်သံကြားက ဖေဖော်ဝါရီ ၂၃ ရက်တွင် ထုတ်လွှင့်ခဲ့သည်။

ခရီးသည် အရေအတွက် အများဆုံး ဆွဲဆောင်နိုင်သည့် အခြားနေရာများမှာ မြို့တော်ဟန္နွိုင်းအပါအဝင် မြောက်ပိုင်းပြည်နယ်များဖြစ်သည့် Ninh Binh နှင့် Quang Ninh၊ အလယ်ပိုင်း ဒါနန်မြို့နှင့် တောင်ပိုင်း အန်ဂိုင်ပြည်နယ်တို့ ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၆ ခုနှစ်အတွင်း ပြည်ပခရီးသည် လာရောက်မှု ၂၅ သန်းနှင့် ပြည်တွင်းလည်ပတ်သူ သန်း ၁၅၀ ရရှိရန် ရည်မှန်းထားကြောင်း သိရသည်။

**ဆင်ဟွာ**

## နီပေါ၌ ဘတ်စ်ကားတစ်စီး ပေ ၁၀၀၀ ခန့်နက်သည့် ချောက်အတွင်းရှိ မြစ်ထဲ ထိုးကျ၊ ၁၉ ဦး သေဆုံး

**ခတ္တမန္ဒူ ဖေဖော်ဝါရီ ၂၃**

နီပေါနိုင်ငံအလယ်ပိုင်း တောင်တက်လမ်းတစ်ခုတွင် ဘတ်စ်ကားတစ်စီး လမ်းချော်မှုဖြစ်ပွားကာ ပေ ၁၀၀၀ ခန့် (မီတာ ၃၀၀ ခန့်) နက်သည့် ချောက်အတွင်းရှိ မြစ်ထဲသို့ ထိုးကျမှုဖြစ်ပွားခဲ့ပြီး လူ ၁၉ ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ယင်းဘတ်စ်ကား မတော်တဆဖြစ်ပွားမှုမှာ ဖေဖော်ဝါရီ ၂၃ ရက် နံနက်အစောပိုင်းက ဘာဂမာတီပြည်နယ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် လူပေါင်း ၂၀ ကျော်မှာ ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း ဒေသတာဝန်ရှိသူများက ပြောကြားသည်။

ဒေသမီဒီယာများ၏ ဖော်ပြချက်အရ အဆိုပါ ဘတ်စ်ကားသည် လူပေါင်း ၄၀ ကျော် တင်ဆောင်လာပြီး နိုင်ငံအလယ်ပိုင်း ပိုခါရာမြို့မှ နိုင်ငံ၏ မြို့တော် ခတ္တမန္ဒူသို့ ဦးတည်ထွက်ခွာလာခြင်း ဖြစ်ကြောင်း သိရသည်။ ခတ္တမန္ဒူရှိ ဂျပန်သံရုံးက ယင်းဖြစ်ရပ်ကြောင့် ဂျပန်နိုင်ငံသားတစ်ဦး မစိုးရိမ်ရ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြောသည်။

တောင်ကုန်း တောင်တန်း ထူထပ်ပေါများသော နီပေါနိုင်ငံသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု မရှိခြင်းကြောင့် ဘတ်စ်ကား မတော်တဆမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



## ကမ္ဘောဒီးယားတွင် ငှက်ဖျားရောဂါဖြစ်ပွားမှု ယမန်နှစ်က ၈၄ ရာခိုင်နှုန်းအထိ ကျဆင်း

**ဖနောင်ပင် ဖေဖော်ဝါရီ ၂၃**

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ်အတွင်း ငှက်ဖျားရောဂါဖြစ်ပွားမှု ၈၄ ရာခိုင်နှုန်းအထိ ကျဆင်းမှုရှိခဲ့ကြောင်း ကျန်းမာရေး တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြောသည်။ ယင်းမှာ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးတွင် သိသာထင်ရှားသော တိုးတက်အောင်မြင်မှုတစ်ရပ်ဖြစ်သည်ဟု ဆိုသည်။

အမျိုးသား ကပ်ပါးဗေဒ၊ ပိုးမွှားဗေဒနှင့် ငှက်ဖျားရောဂါ ထိန်းချုပ်ရေးဌာနမှ ညွှန်ကြားရေးမှူး ဟွေရေကိုးလ်သည် ကမ္ဘောဒီးယားနိုင်ငံ၌ ပြည်တွင်း ငှက်ဖျားရောဂါဖြစ်ပွားမှု ၂၀၂၄ ခုနှစ်တွင် ၃၂၂ ဦး ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ၅၂ ဦးသာရှိသောကြောင့် ၈၄ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ငှက်ဖျားရောဂါကြောင့် ၂၀၁၈ ခုနှစ်နောက်ပိုင်း သေဆုံးသူမရှိကြောင်း ဟွေရေကိုးလ်က ပြောသည်။ ထို့ပြင် ယခုကဲ့သို့ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအောင်မြင်မှုမှာ ရောဂါစောင့်ကြည့်စစ်ဆေးမှုနှင့် တုံ့ပြန်ဆောင်ရွက်မှု အားကောင်းလာခြင်း၊ ပြည်သူလူထုအကြား အသိပညာဗဟုသုတ တိုးပွားလာခြင်းနှင့် ငှက်ဖျားရောဂါ စမ်းသပ်စစ်ဆေးသည့် ကိရိယာများ၊ ပိုးသတ်ဆေးစိမ် ခြင်ထောင်များ၊ ငှက်ဖျားရောဂါ ကုဆေးဝါးများကဲ့သို့သော လိုအပ်သည့် ဆေးပစ္စည်းကိရိယာ လုံလောက်စွာ ရရှိမှုတို့ကြောင့် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

# (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၃၂)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

(၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၃၂) ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းစစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအဖွဲ့များက စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းအား အလေးပြုခြင်း၊ နိုင်ငံတော်အလံအလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန် (၄)ချက် ရွတ်ဆိုခြင်းတို့ကို အစီအစဉ်အတိုင်း ပြုလုပ်ကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ပြုလုပ်ရာ စစ်ရေးချုပ်က (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၃၂) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (ခ) အဆင့်တွင် စစ်တီးဝိုင်းခေါင်းဆောင် ကျွမ်းကျင်မှု တတိယဆုရရှိသည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၂)စစ်တီးဝိုင်း ခေါင်းဆောင်၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းခေါင်းဆောင်နှင့် ပထမဆုရရှိသည့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းခေါင်းဆောင်၊ (က)အဆင့်တွင် စစ်တီးဝိုင်းခေါင်းဆောင် ကျွမ်းကျင်မှုအကောင်းဆုံးဆုရရှိသည့် စစ်တက္ကသိုလ် ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်တို့ကို ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ (ခ)အဆင့်တွင် အသင်းလိုက် အထူးဆု(၂)ရရှိသည့် ဧရာဝတီတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်း၊ အထူးဆု(၁) ရရှိသည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်း၊ အသင်းလိုက်တတိယဆု ရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်း၊ ဒုတိယဆုရရှိသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအမှတ်(၁) စစ်တီးဝိုင်းနှင့် ပထမဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းတို့ကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။ ထို့နောက် (က)အဆင့်တွင် အသင်းလိုက်အထူးဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ကိုယ်စားပြုရဲတီးဝိုင်း၊ တတိယဆုရရှိသည့် စစ်တက္ကသိုလ်ကိုယ်စားပြုစစ်တီးဝိုင်း၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်တီးဝိုင်းနှင့် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်တီးဝိုင်းတို့ကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါတပ်မတော်နေ့အထိမ်းအမှတ် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲများကို ၁၉၉၂ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၃၂) ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်မှစတင်၍ ကျင်းပပြုလုပ်ခဲ့ရာ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းပေါင်း ၂၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## (၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲ (Pre-Conference Workshop) ကျင်းပခြင်း



**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

(၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ ဆေးပညာနှီးနှောဖလှယ်ပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲ (Pre-Conference Workshop) အဖြစ် "(၁၀)ကြိမ်မြောက် သက်မဲ့ခန္ဓာအသုံးပြု ခွဲစိတ်လေ့ကျင့်ရေး အလုပ်ရုံဆွေးနွေးပွဲ"ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တပ်မတော် ဆေးတက္ကသိုလ် သက်မဲ့ခန္ဓာအသုံးပြု ခွဲစိတ်လေ့ကျင့်ရေးဌာန၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ် ခင်အောင်ထွန်းနှင့် ပါမောက္ခ/ဌာနမှူးများ၊ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဆေးတက္ကသိုလ်များမှ ပါမောက္ခ/ဌာနမှူးများ၊ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်မည့် သင်တန်းသားများနှင့် သက်မဲ့ဆရာများ၏ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ်က အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းသားများက သက်မဲ့ခန္ဓာ အလှူရှင်များအကြောင်း မိတ်ဆက်တင်ပြကြသည်။ ယင်းနောက် သင်ကြားရေးဌာနများမှ ဂုဏ်ထူးဆောင် ပါမောက္ခများ၊ ဌာနမှူးများ၊ သင်တန်းသားများနှင့် သက်မဲ့ဆရာများ၏ မိသားစုဝင်များက သက်မဲ့ဆရာ (Silent Mentors) များအား ဂါရဝပြုအခမ်းအနား ဆက်လက်ပြုလုပ်ကြသည်။ ထို့နောက် မွန်းလွဲပိုင်းတွင် ဘွဲ့လွန်သင်တန်းသားများက မျက်စိရောဂါဆိုင်ရာ ခွဲစိတ်မှုများနှင့် ဘွဲ့ကြိုသင်တန်းသားများက အခြေခံခွဲစိတ်မှုနည်းလမ်းများကို အုပ်စုခွဲ၍ လက်တွေ့ခွဲစိတ်လေ့ကျင့်ခန်းများ ဆောင်ရွက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ (Pre-Conference Workshop) ကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး မှန်ပြောင်းဖြင့် အစာအိမ်၊ အူလမ်းကြောင်း ခွဲစိတ်ကုသခြင်း၊ ပခုံးနှင့်လက်မောင်း အာရုံကြောများ ခွဲစိတ်ကုသခြင်း၊ ရင်ခေါင်းအား အပေါက်ဖောက်၍ အစာရေမြို့ပြွန်အား ခွဲစိတ်ကုသခြင်း၊ ဆီးအိမ်ကိုဖယ်ထုတ်ပြီး ဆီးလမ်းကြောင်း လွှဲပြောင်းခွဲစိတ်ကုသခြင်း၊ ရင်သားခွဲစိတ်ကုသခြင်း၊ အသံအိုးကိုဖြတ်ထုတ်ခွဲစိတ်ကုသခြင်း၊ အလုပ်သင်ဆရာဝန်များအတွက် အရေးပေါ်ခွဲစိတ်ကုသမှုလေ့ကျင့်ခြင်း၊ တပ်မတော်ဆေးတက္ကသိုလ်၊ ဗိုလ်လောင်းများအတွက် ခန္ဓာဗေဒ လက်တွေ့လေ့လာခွဲစိတ်ခြင်း စသည့် ခေါင်းစဉ်များဖြင့် ခွဲစိတ်လေ့ကျင့်မှုများအား နေ့အလိုက် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ်များ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ခါတ်ပုံ၊ Documentary (သို့) ပညာပေးဇာတ်လမ်းတို (Short Film ၂-၃ မိနစ်စာ)၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ဖိတ်ခေါ်ပြိုင်ပွဲများတွင် ခေါင်းစဉ်အဖြစ် အသုံးပြုရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ် ၅ ခု ရွေးချယ်မည်ဖြစ်၍ အောက်ပါသတ်မှတ်ချက်များအတိုင်း ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) တစ်ဦးလျှင် ဆောင်ပုဒ် ၂ ခု ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ဆောင်ပုဒ် ၁ ခုချင်းစီအား မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။

(ဂ) မြန်မာ-အင်္ဂလိပ် နှစ်ဘာသာအတွက် Font size - 13, Pyidaungsu Font ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဃ) ပြိုင်ပွဲဝင်ဆောင်ပုဒ်များအား ၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ နောက်ဆုံးထား ပေးပို့ယှဉ်ပြိုင်ရမည်။

(င) ဆောင်ပုဒ်များကို Email - ccdac.mm@gmail.com သို့ ပေးပို့ရမည်။

(စ) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ ပြည့်စုံစွာ ပါရှိရမည်။

**မှတ်ချက်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ စီးပွားရေးဖွံ့ဖြိုးမှုဇုန်အတွင်း မီးဘေးလုံခြုံရေးစစ်ဆေး



**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၄)ရပ်ကွက် ဦးဝိစာရလမ်း စီးပွားရေးဖွံ့ဖြိုးမှုဇုန်သို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးနှင့် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုကြီးတို့ ယနေ့နံနက်ပိုင်းက အဆိုပါ စီးပွားရေးဖွံ့ဖြိုးမှုဇုန်သို့ ရောက်ရှိပြီး စက်မှုဇုန်ဥက္ကဋ္ဌ ဦးကိုကြီး၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်နိုင်တို့က စက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

**အသိပညာပေး**

ထို့နောက် အကွက်အမှတ် (C-2)ရှိ Nine Star(အထည်ချုပ်စက်ရုံ)အား တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးဆောင်၍ အရှေ့ပိုင်း ခရိုင်မီးသတ်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စက်မှုဇုန်ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ ဦးစီးအရာရှိ ဦးတင်ထွန်းအောင်နှင့် သန္နေတပ်ဖွဲ့ဝင် ငါးဦးတို့က စက်ရုံမီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ ပိုင်ရှင်၊ လုပ်ငန်းတာဝန်ခံများအား မီးဘေးလုံခြုံရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြင့်မြင့်ရီ

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

**ပဲခူး ဖေဖော်ဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် (၃၉) ကြိမ်မြောက် လစဉ်အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌ ပြုလုပ်သည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက ပဲခူးမြို့ ခုတင်(၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျန်းမာရေး စောင့်ရှောက်မှုလာရောက် ခံယူနေကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး ဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ များနှင့် ပရဟိတအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနေမှုနှင့် ရေသန့်၊ ကော်ဖီနှင့် အာဟာရမုန့်များ အခမဲ့တိုက်ကျွေးနေမှုကို ကြည့်ရှု အားပေးသည်။

ထို့နောက် ကျန်းမာရေးစောင့်ရှောက်မှု လာရောက် ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် ဆေးဝါးလိုအပ်ချက်မရှိစေရေး ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှု လစဉ်တိုင်းဒေသကြီးအတွင်း မြို့နယ်(၂၈) မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေး စောင့်ရှောက်မှုစစ်ဆေးပေးခြင်း၊ လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါး တစ်လစာ လစဉ်ထောက်ပံ့ပေးခြင်း အပြင် ကာကွယ်ဆေးထိုးပေးခြင်းနှင့် အခြေခံ စားသုံးကုန်များကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိ သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတို့၌ အခြေခံပညာမူလတန်းအဆင့် Grade(5)နှင့်



အခြေခံပညာ အလယ်တန်းအဆင့် Grade(9) ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**

**(ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် စစ်ကိုင်းမြို့နယ် ထုံးဘိုရပ်ကွက်၌ နေအိမ် လေးလုံးအတွင်းမှ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ၃၀၄ ဂါလန်၊ ဒီဇယ်ဆီ ၁၁၄ ဂါလန် စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၄၁၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်း ဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှု များဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် မင်းလှ မြို့နယ်နှင့် တောင်ငူမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ၂၄၂ တန်၊ သစ်မာ ၁ ဒသမ၂၀၄ တန် စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၇၃၈၁၁၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၉ ရက်တွင် အောင်လံမြို့နယ် ဇေယျာဝတီရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျိုက်မရောမြို့နယ် လက်ပံ



ကျေးရွာအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၁၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင် လာသည့် လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၆၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၁ ရက်တွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် ရွှေလင်ပန်းစက်မှုဇုန်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဂဏန်းအရှင် ၄၀၀ ကီလို ဂရမ် ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့ ပင်လယ်ငါးလုပ်ငန်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၉ ရက်တွင် ကြံခင်း မြို့နယ်၊ ငပုတောမြို့နယ်၊ ဘိုကလေးမြို့နယ်နှင့် အင်္ဂပူမြို့နယ်တို့အတွင်း ၌ တရားမဝင် အခြားသစ် ၄ ဒသမ ၀၈၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၁၀၈၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဟင်္သာတမြို့နယ် အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၉၁၀၈၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက် လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက် စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲ ဖွင့်လှစ်ထားရှိသည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၄၂၉၁၉၆)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာ မှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များ အတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက် နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

❖ ***ကျောဖုံးမှ***

လီဗန်တေးအသင်းသည် ဦးဆောင်ဂိုး ခွင့်ပြုပေး လိုက်ရပြီးနောက် ချေပဂိုးရရှိရေး ကြိုးပမ်းလာသော် လည်း ပြိုင်ဘက်အသင်း၏ ခံစစ်နှင့် ဂိုးသမား ဂျိုအန်ဂါစီယာစီတို့ကို ကျော်ဖြတ်နိုင်ခြင်း မရှိသည့် အတွက် အချည်းနှီးသာ ဖြစ်ခဲ့သည်။

ထို့နောက် ပွဲချိန် ၃၂ မိနစ်တွင် ဘာစီလိုနာအသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဖရန့်ကီဒီဂျောင်က သွင်းယူ ပေးခဲ့သည်။ လီဗန်တေးအသင်းသည် ဘာစီလိုနာ အသင်းဘက်သို့ တုံ့ပြန်တိုက်စစ်ဆင်မှု အနည်းငယ် သာ ပြုလုပ်နိုင်ခဲ့ပြီး သွင်းဂိုးရရှိအောင် စွမ်းဆောင် နိုင်ခဲ့ခြင်းမရှိပေ။ ဘာစီလိုနာအသင်းအတွက် အနိုင် သေချာစေမည့် တတိယဂိုးကို ပွဲချိန် ၈၁ မိနစ်တွင် ဖာမင်လိုပက်ဇ်က သွင်းယူပေးခဲ့သည်။

ဘာစီလိုနာအသင်းသည် ယခုအနိုင်ပွဲကြောင့် ဒုတိယနေရာမှ ခါးသီးပြိုင်ဘက် ရီးရဲမက်ဒရစ်အသင်း ထက် တစ်မှတ်အသာ ရမှတ် ၆၁ မှတ်ဖြင့် အမှတ်ပေး ဇယားကို တစ်ကျော့ပြန် ဦးဆောင်နိုင်ခဲ့သည်။ လီဗန်တေးအသင်းက လာလီဂါ ရှုံးပွဲ ၁၅ ပွဲနှင့်အတူ ရမှတ် ၁၈ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ဆက်လက် ရပ်တည်နေသည်။

အခြားပွဲစဉ်ရလဒ်များတွင် အက်သလက်တီကို မက်ဒရစ်က အက်စ်ပန်ညိုကို လေးဂိုး-နှစ်ဂိုး၊ ဆီဗီလာ က ဂီတာဖေးကို တစ်ဂိုး-ဂိုးမရှိ၊ ဆဲလ်တာဗီဂို က မာယော့ကာကို နှစ်ဂိုး-ဂိုးမရှိ၊ ဗီလာရီးရဲက ဗလင်စီယာကို အကြိတ်အနယ်ကစားပြီး နှစ်ဂိုး- တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

**အောင်ဇော်**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းသင်တန်းကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်က အမှာစကားပြောကြားပြီး ရန်ကုန် တိုင်းဒေသကြီး ဥပဒေအထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညဏ်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ ပြန်လည်ထူထောင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်ကိုကိုက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို သင်တန်းသား သင်တန်းသူ ၁၁၃ ဦးဖြင့် နှစ်ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး အဆိုပါ မြို့နယ်အတွင်း နေထိုင်သည့် မသန်စွမ်းသူများက သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများမှ တစ်ဆင့်လိုအပ်သည့် အထောက်အထားများနှင့်အတူ ပူးတွဲ၍ မသန်စွမ်းမှတ်ပုံတင်ကတ်များ လာရောက် လျှောက်ထားနိုင်ကြောင်း သိရသည်။ **အေးမဥ္ဇူ**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ**

# ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသား ၁၆၈ ဦးအား မြန်မာနိုင်ငံသို့ ထပ်မံပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် ပြည်ပနိုင်ငံများသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေထိုင်နေကြသည့် မြန်မာနိုင်ငံသားများ ပြည်ပတွင် နေထိုင်စဉ်ကာလအတွင်း အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာ နိုင်ငံအသီးသီးရှိ မြန်မာသံရုံးများမှတစ်ဆင့် အခက်အခဲများကို တင်ပြတောင်းခံလာပါက လိုအပ်သည့် ကူညီစောင့်ရှောက် ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ကိုယ်တိုင်လာရောက် သတင်းပို့သည့် မြန်မာနိုင်ငံသားများနှင့် ကမ္ဘောဒီးယားနိုင်ငံမှ ရဲတပ်ဖွဲ့များနှင့် သက်ဆိုင်ရာဌာနများက လွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာနိုင်ငံသားများကို မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းခေါ်ယူသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို ထပ်မံခေါ်ဆောင်ပေးရာ ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသား ၈၇ ဦးကို တပ်မတော်လေယာဉ်ဖြင့် မြိတ်မြို့သို့လည်းကောင်း၊ ညပိုင်းတွင် မြန်မာနိုင်ငံသား ၈၁ ဦးကို တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့လည်းကောင်း အသီးသီး ပြန်လည်ခေါ်ဆောင် ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်အထိ မြန်မာနိုင်ငံသား ၁၀၈၆ ဦးအား မြန်မာ့လေကြောင်းလိုင်း (MAI) နှင့် တပ်မတော်လေယာဉ်များဖြင့် အသီးသီး ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီး ယနေ့တွင်လည်း မြန်မာနိုင်ငံသား ၁၆၈ ဦးကို ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့သဖြင့် စုစုပေါင်း မြန်မာနိုင်ငံသား ၁၂၅၄ ဦး ပြန်လည်ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ယနေ့တွင် မြိတ်မြို့သို့ ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ မြိတ်ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်တွေ့ဆုံခဲ့ကြောင်းနှင့် အဆိုပါအဖွဲ့များအား ညနေပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။

အလားတူ ရန်ကုန်မြို့သို့ ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား မင်္ဂလာဒုံ ခရိုင်/မြို့နယ်တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ပေးသော မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့ရှိ စုရပ်နေရာသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းများ၊ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပါကစ္စတန်နိုင်ငံသား ၁၁ ဦးအား သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံသား နှစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပါကစ္စတန်နိုင်ငံသား ၁၁ ဦးအား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး အိန္ဒိယနိုင်ငံသားနှစ်ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ First Secretary Mr. Fahd Saleem နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်အတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် အိန္ဒိယနိုင်ငံသားနှစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၂၀၈ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၁၂၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၈၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ဆူပူသောင်းကျန်းမှုများကို အမြစ်ပြတ်ချေမှုန်းရန် အသိပညာမြှင့်တင်ရေးက ပိုမိုအရေးကြီး”** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် မတ် ၄ ရက် မွန်းလွဲ ၁ နာရီတွင် **“အများပြည်သူ ဒုက္ခရောက်စေရန် ခရီးသည်တင်လေကြောင်းကိုပါ သိသိကြီးနဲ့ အကြမ်းဖက်တိုက်ခိုက်လာသော KIA နှင့် အပေါင်းပါ PDF များ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

## ဝမ်းတွင်းမြို့နယ်၌ မီးဘေးလုံခြုံရေးပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းများ ဆောင်ရွက်

**ဝမ်းတွင်း ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံး၌ မီးဘေးလုံခြုံရေးအတွက် ပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းများကို ဖေဖော်ဝါရီ ၂၃ ရက်က ဆောင်ရွက်သည်။

ဝမ်းတွင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးထွန်းနှင့် သန္နေတပ်ဖွဲ့ဝင်များက မြို့နယ်လျှပ်စစ်မန်နေဂျာရုံး၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိရမည့် အခြေအနေများ၊ မီးလောင်မှုဖြစ်ပွားစေသည့် အကြောင်းရင်းများကို ပညာပေးရှင်းလင်းဆွေးနွေးပြီး မီးသတ်ဆေးဘူး စနစ်တကျအသုံးပြု၍ မီးငြိမ်းသတ်စေခြင်းများကို လက်တွေ့ငြိမ်းသတ်သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်ဆက်)**



ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် နောင်လုံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် တပ်မောက်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား ဖမ်းဆီးရမိစဉ်။





ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် နောင်လုံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများ၏ လုပ်ငန်းသုံးလူနေအဆောက်အအုံများအား တွေ့ရစဉ်။

❐ *ကျောဖုံးမှ*

တွေ့ရှိရပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေကြသည့် တရုတ်နိုင်ငံသား အမျိုးသား ၂၀ ကို လုပ်ငန်းများလုပ်ကိုင်ရာတွင် အသုံးပြုသည့် အလျား ပေ ၈၀၊ အနံ ပေ ၂၀ ရှိ လူနေအဆောက်အအုံ တစ်လုံး၊ အလျား ပေ ၈၀၊ အနံ ပေ ၂၀ ရှိ အလုပ်ရုံ အဆောက်အအုံ တစ်လုံး၊ အလျား ပေ ၅၀၊ အနံ ပေ ၂၀ ရှိ ထမင်းစားဆောင် တစ်လုံး၊ ဆယ်ခန်းတွဲ အိမ်သာတစ်လုံး၊ starlink ဗန်းနှစ်ခု၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရှိရသည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များသည် အသေးစိတ်နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၆ နာရီ ၁၅ မိနစ်ခန့်တွင် လဲချားမြို့နယ် တပ်မောက်ကျေးရွာ၏ အနောက်ဘက် မီတာ ၂၅၀၀ ခန့်အကွာသို့အရောက်၌ တရားမဝင် တရုတ်နိုင်ငံသားငါးဦးအား တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် ပါဝင်ပတ်သက်သူများဖြစ်ကြောင်း သိရှိရပြီး ၎င်းတို့အား ထပ်မံဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဖမ်းဆီးရမိသူများ၏ ထုတ်ဖော်ပြောကြားချက်များအရ ဖမ်းဆီးရမိတရုတ် နိုင်ငံသားများသည် တရုတ်နိုင်ငံတွင် ပန်းရံ၊ ယာဉ်မောင်း စသည့်လုပ်ငန်းများ လုပ်ကိုင်ကြသူများဖြစ်ပြီး ငွေကြေးအခက်အခဲများကြောင့် We Chat တွင် အလုပ်အကိုင်ရှာဖွေကြရာ တရုတ်-မြန်မာနယ်စပ်၌ ဝင်ငွေကောင်းသည့် အလုပ်အကိုင်များရရှိမည်ဟု စည်းရုံးပြောကြားလာခဲ့ကြောင်း၊ ထို့ကြောင့် We Chat မှ အလုပ်အကိုင်ရှာဖွေပေးသူများနှင့် ချိတ်ဆက်၍ တရုတ်နိုင်ငံ ဆစ်ဆောင်ပန်းနားမြို့မှ မြန်မာနိုင်ငံ ပန်ဆန်းမြို့၊ ထိုမှတစ်ဆင့် မိုင်းရယ်မြို့သို့လည်းကောင်း၊ တရုတ်နိုင်ငံ ချောင်ချွန်းမြို့မှ မြန်မာနိုင်ငံ မိုင်းလားမြို့သို့လည်းကောင်း အဆင့်ဆင့် တရားမဝင်ဝင်ရောက်လာခဲ့ကြကြောင်း၊ ထို့နောက် အဆိုပါမြို့များရှိ တရားမဝင်ရောက်ရှိနေကြသူများ၊ ထပ်မံရောက်ရှိလာကြသူများနှင့် စုပေါင်းကာ အမည်မသိသူများ၏ ခေါ်ဆောင်မှုများနောက်သို့ မော်တော်ယာဉ်များဖြင့် အဆင့်ဆင့်လိုက်ပါခဲ့ကြရပြီး လက်ကိုင်ဖုန်းများအား သိမ်းဆည်းခံထားရခြင်း၊ မျက်နှာများအား အဝတ်များ စည်းထားခြင်းတို့ ပြုလုပ်ခံခဲ့ရကြောင်း၊ အချို့တရုတ်နိုင်ငံသားများမှာ မိုင်းရယ်မြို့အနီးရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ၌ လုပ်ကိုင်ခဲ့ကြရကြောင်း၊ အဆိုပါနေရာများမှတစ်ဆင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် နောင်လုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆက်လက်လုပ်ကိုင်ရန် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ရောက်ရှိခဲ့ကြကြောင်း၊ ထိုနေရာတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သူ ၆၀ ခန့်ရှိပြီး ၎င်းတို့အား အစိမ်းရောင်ယူနီဖောင်း ဝတ်ဆင်ထားသည့် ရှမ်းလက်နက်ကိုင်အဖွဲ့မှ အစောင့်ခုနစ်ဦးခန့်က စောင့်ကြပ်လျက်ရှိကြောင်း၊ ၎င်းနောက် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် အဆိုပါအွန်လိုင်း လိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူ ၆၀ ခန့်ကို မော်တော်ယာဉ်နှစ်စီးဖြင့်လည်းကောင်း၊ လက်နက်ကိုင်ဆောင်ထားသည့် အဖွဲ့များက မော်တော်ယာဉ်တစ်စီးဖြင့်လည်းကောင်း ထိုနေရာမှ ထွက်ခွာခဲ့ကြပြီး ယခုဖမ်းဆီးရမိသည့်နေရာအသီးသီး၌ အဖွဲ့များအား သီးသန့်စီခွဲ၍ နေရာချထားစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ကွယ်မှပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် သိမ်းဆည်းရမိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် နောင်လုံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများ၏ လုပ်ငန်းသုံးပစ္စည်းများအား တွေ့ရစဉ်။

# ပေါင်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

**ပေါင် ဖေဖော်ဝါရီ ၂၃**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝါရီရှုခန်းမ၌ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသခြင်းနှင့် လိုအပ်သည့်ဆေးဝါးများ အခမဲ့ပေးအပ်ခြင်းများ ဆောင်ရွက်ပေးပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် တာဝန်ရှိသူများပူးပေါင်းကာ သက်သာသောဈေးနှုန်းဖြင့် ပဲ၊ အာလူး၊ ဆီ စသည့်အခြေခံစားသောက်ကုန်များကို ရောင်းချပေးသည်။ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၄ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**

# ငွေဆောင်မြို့၌ စုပေါင်းအမှိုက်ကောက်ပွဲ ကျင်းပ

**ငွေဆောင် ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့၌ ဌာနဆိုင်ရာများနှင့် Myanmar Underwater Federation မှ ဦးဆောင်၍ နှစ်စဉ်ကျင်းပလျက်ရှိသည့် ကမ်းခြေစုပေါင်းအမှိုက်ကောက်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ငွေဆောင်ကမ်းခြေ



ချစ်သူများကျွန်းရှေ့ ကမ်းခြေတစ်လျှောက်၌ ဆောင်ရွက်သည်။

ဦးစွာ မြို့အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းကိုက ငွေဆောင်မြို့တွင် Beach clean up ပွဲကို ကျင်းပလာသည်မှာ ခုနစ်ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း ပြောကြားပြီး KBZ Bank မှ တာဝန်ရှိသူတစ်ဦးက Beach clean up အစီအစဉ်တွင် ပါဝင်ဖြစ်ပုံနှင့် Rotary Club of Yangon မှ တာဝန်ရှိသူတစ်ဦးက အမှိုက်အမျိုးအစားများအကြောင်း ရှင်းလင်းပြောကြားသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဟိုတယ်ဝန်ထမ်းများ၊ Myanmar Underwater Federation အဖွဲ့သားများ၊ Trash hero အဖွဲ့သားများနှင့် အခြားအဖွဲ့အစည်းများမှ စုစုပေါင်းအင်အား ၂၀၀ ခန့်ဖြင့် ချစ်သူများကျွန်းရှေ့ ကမ်းခြေတစ်လျှောက်၌ စုပေါင်းအမှိုက်ကောက်ပြီး အမှိုက်များကို မြို့စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ သိမ်းဆည်းပေးခဲ့ကြောင်း သိရသည်။ **ကျော်လင်းဦး(ပြန်/ဆက်)**

# ပေါက်ခေါင်းမြို့နယ်၌ နွေစပါး ၂၇၃၄ ဧက စိုက်ပျိုးပြီးစီး

**ပေါက်ခေါင်း ဖေဖော်ဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါး ၂၇၃၄ ဧက စိုက်ပျိုးပြီးစီးကာ အောင်မြင်ဖြစ်ထွန်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ပေါက်ခေါင်းမြို့နယ်၌ ယခုနှစ် နွေစပါးစိုက်ပျိုးခြင်းကို ဖေဖော်ဝါရီလမှစ၍ ၁၁၈၇၃ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ရာ ယခုအခါ နွေစပါး ၂၇၃၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ အောင်မြင်စွာ ဖြစ်ထွန်းနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများက စနစ်တကျ ပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး ဒေသခံ တောင်သူများအနေဖြင့် နွေစပါးကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် သွင်းအားစုများ ပံ့ပိုးပေးခြင်း၊ စိုက်ပျိုးရေရရှိရန်နှင့် စနစ်တကျသုံးစွဲကြရန် ကြီးကြပ်ဆောင်ရွက်ပေးခြင်းများအပြင် နွေစပါးကို တစ်ဧကတင်း ၁၀၀ ကျော်အထိ ထွက်ရှိနိုင်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စနစ်တကျ ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

# မိုင်းယန်းမြို့၌ ကိုယ်ဝန်ဆောင်မိခင်များ လစဉ်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း ဆောင်ရွက်

**မိုင်းယန်း ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေး စစ်ဆေးစောင့်ရှောက်ပေးခြင်းနှင့် လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဖေဖော်ဝါရီ ၂၃ ရက်က မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနရုံး၌ ထိုးနှံပေးလျက်ရှိသည်။

မိခင်နှင့် ကလေးကျန်းမာရေးဌာန တာဝန်ခံအမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ငွေငွေခိုင်နှင့် ကျန်းမာရေးဆရာမများက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ကိုယ်ဝန်ဆောင်မိခင်များအား စနစ်တကျစာရင်းပြုစု၍ ကျန်းမာရေးစောင့်ရှောက်စစ်ဆေးပေးခြင်းများနှင့် ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်မိခင်နှင့်ကျန်းမာရေးဌာနမှ သိရသည်။ **ထွန်းထွန်းထူး**



# သရက်မြို့၌ စားသုံးသူရေးရာ အသိပညာပေး Talk Show ဆောင်ရွက်

**သရက် ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းတင်ဆက်သည့် စားသုံးသူရေးရာ အသိပညာပေးဆွေးနွေးပွဲ ဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်က ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ဆောင်ရွက်သည်။

အဆိုပါ Talk Show ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်ဇာခြည်လွင်(ရုပ်သံကျွမ်းကျင်-၃)နှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ရီရီထွေးတို့က စီးပွားရေးလုပ်ငန်းရှင်ဆိုတာ ဘယ်လိုအဓိပ္ပာယ်သက်ရောက်ပါသလဲ၊ လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ ကုန်စည်တစ်ခုခုကို ထုတ်လုပ်၊ ရောင်းချ၊ ဖြန့်ဖြူးတော့မယ်ဆိုရင် ကုန်အညွှန်းအမှတ်အသားပြည့်စုံမှုမရှိဘဲ ဖြန့်ဖြူးရောင်းချခွင့်ရှိပါသလား၊ စီးပွားရေးလုပ်ငန်းရှင်မည်သူမဆို ကုန်အညွှန်းအမှတ်အသားပြည့်စုံမှုမရှိသည့် ကုန်စည်(သို့မဟုတ်)ရောင်းချခြင်းပြုလျှင် ပြစ်မှု ပြစ်ဒဏ်များ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



# ခန္တီးမြို့၌ ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်အေနှင့် သန်ချဆေးများ တိုက်ကျွေး

**ခန္တီး ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ကလေးငယ်များ ရောဂါဘယကင်းဝေးပြီး ဇလငါးတန်ဖွံ့ဖြိုးသည့်ကလေးများ ဖြစ်လာစေရန်အတွက် ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်အေနှင့် သံချဆေးများ တိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းက မိခင်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဝန်ထမ်းများက ငါးနှစ်အောက်ကလေးငယ်များအား ခန္ဓာကိုယ်ပေါင်ချိန်ပေးပြီး ဗီတာမင်အေနှင့် သန်ချဆေးများ တိုက်ကျွေးကြသည်။ အဆိုပါကာကွယ်ဆေးတိုက်ကျွေးခြင်းကို တစ်နှစ်လျှင် နှစ်ကြိမ်နှုန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၆ ခုနှစ် ဩဂုတ်လတွင် ဒုတိယအကြိမ် ထပ်မံတိုက်ကျွေးပေးမည်ဖြစ်ကြောင်း သိရသည်။ **ကမ်းကီး(ပြန်/ဆက်)**



# မြစ်သားမြို့နယ် ကင်းတားတမံရေလွှဲဆည်မှ နွေသီးနှံအတွက် စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေး

**မြစ်သား ဖေဖော်ဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကင်းတားတမံရေလွှဲဆည်မှ ဆည်ရေများကို ဖေဖော်ဝါရီ ၂၃ ရက်မှစတင်ပြီး စိုက်ပျိုးရေများ ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

နွေသီးနှံစိုက်ပျိုးရာသီအတွက် နွေစပါးနှင့် အခြားနွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးနေပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် ဆည်ရေပေးဝေမှုအနေဖြင့် ဆည်ရေသောက်သီးနှံများဖြစ်သည့် နွေစပါး၊ နွေနှမ်းနှင့် အခြားနွေသီးနှံများအတွက် ဖေဖော်ဝါရီ ၂၃ ရက်မှ ဇွန် ၃၀ ရက်အထိ ဖြန့်ဝေပေးမည်ဖြစ်ရာ ဒေသခံ တောင်သူများက စိုက်ပျိုးရေများရယူသုံးစွဲရာတွင် ဆည်ရေလေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျရယူသုံးစွဲကြရန် ကြိုတင်အသိပေး နှိုးဆော်ထားကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မုံရွာတက္ကသိုလ်၌ ကာယဗလ၊ ကာယအလှနှင့် ကိုယ်ကာယကြံ့ခိုင်မှုဆပ်ကော်မတီအခြေခံအေရိုးဗစ်သင်တန်းဆင်းပွဲ ကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၂၃**

မုံရွာတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် (ပထမပညာသင်ကာလ)ကာယဗလ၊ ကာယအလှနှင့် ကိုယ်ကာယကြံ့ခိုင်မှုဆပ်ကော်မတီ အခြေခံအေရိုးဗစ်သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမရှေ့၌ ကျင်းပရာ မုံရွာတက္ကသိုလ်ပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာသန်းသန်းဝင်းနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မုံရွာတက္ကသိုလ်မှ သင်တန်းဆင်းကျောင်းသား ကျောင်းသူများ တက်ရောက်သည်။



ဦးစွာ မုံရွာတက္ကသိုလ်မှ သင်တန်းဆင်းကျောင်းသား ကျောင်းသူများ၏ အကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးခဲ့ပြီး မုံရွာတက္ကသိုလ် ပါမောက္ခချုပ်က သင်တန်းဆင်း ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားသည်။

အဆိုပါ သင်တန်းတွင် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန နည်းပြဆရာမများက သင်တန်းသား သင်တန်းသူ ၂၈ ဦးအား ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၂၃ ရက်အထိ သင်တန်းကာလ ရက် ၂၀ ကြာ စာတွေ့လက်တွေ့ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျောက်ကြီးမြို့နယ်၌ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပ

**ကျောက်ကြီး ဖေဖော်ဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း Grade- 4 ခန်းမ၌ ယနေ့ မွန်းလွဲပိုင်းတွင် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းဆင်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေလင်းနှင့် မြို့နယ်ပညာရေးမှူးဆရာမကြီးဒေါ်ယုယုမော်တို့က အမှာစကားပြောကြားပြီး ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ



သင်တန်းကို သင်ကြားပြသပေးသော ဆရာ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုလက်ဆောင်ပစ္စည်း ပေးအပ်ခြင်းနှင့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းတွင် ထူးချွန် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေ၊ ဒိုင်းတံဆိပ်ဆုနှင့် သင်တန်းဆင်းလက်မှတ်ကို ပေးအပ်သည်။

ထို့နောက် အခြေခံ ပညာ မူလတန်းအဆင့်၊ အခြေခံပညာ အလယ်တန်းအဆင့်နှင့် အခြေခံ ပညာ အထက်တန်းအဆင့် သင်တန်းသားသင်တန်းသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ သင်တန်းဆင်း လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နောင်ချိုမြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

**နောင်ချို ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာရေးဆရာ အတ္တကျော်ရေးသားသော "သားငယ်တို့နားလည်ဖို့" စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၃ရက်က ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းထွေးက အသိအမြင်ဗဟုသုတများ တိုးပွားစေရန်နှင့် စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် စာဖတ်ဝိုင်း ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်အိအိစိုးက "သားငယ်တို့နားလည်ဖို့" စာအုပ်တွင်ပါရှိသော "ရက်စွဲ့စိတ်" ခေါင်းစဉ်ဖြင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်



လာသည့် ကျောင်းသား ကျောင်းသူများက မိမိကြိုက်နှစ်သက်ရာ ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။ စာဖတ်ဝိုင်းဆွေးနွေးပွဲသို့ အခြေခံပညာကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဆိပ်ဖြူမြို့နယ်၌ နွေရာသီပန်းချီ အခမဲ့သင်တန်းဖွင့်

**ဆိပ်ဖြူ ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ နွေရာသီပန်းချီအခမဲ့သင်တန်း ဖွင့်လှစ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက်က ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်မင်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေး



နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန္ဒာလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ အခြေခံပညာကျောင်းများမှ မူလတန်း/အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး အခြေခံပန်းချီနှင့် အဆင့်မြင့်ပန်းချီရေးဆွဲနည်းကို ပန်းချီပညာရှင်များက သင်ကြားပေးသွားမည်ဖြစ်ကာ အခြေခံပန်းချီသင်တန်းတွင် ကျောင်းသား ကျောင်းသူ ၅၀၊ အဆင့်မြင့်ပန်းချီတွင် ကျောင်းသား ကျောင်းသူ ၂၀ ကို ဖေဖော်ဝါရီ ၂၃ ရက်မှ မတ်လကုန်အထိ အခမဲ့ သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**ကိုဗွဲ(အညာမြေ)**

## တပ်ကုန်းမြို့၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးအခမဲ့စောင့်ရှောက်ပေး

**တပ်ကုန်း ဖေဖော်ဝါရီ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ကုသရေးဦးစီးဌာနမှ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၃ ရက်က မြန်မာ့စီးပွားရေးဘဏ် ပင်စင်လစာလာရောက်ထုတ်ကြသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးအခမဲ့စောင့်ရှောက်ပေးခဲ့သည်။

အဆိုပါကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် တပ်ကုန်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအုပ် ဒေါက်တာကျော်ဇေယျ ကြီးကြပ်၍ အထူးကုဆရာဝန်များ၊ အထွေထွေဆရာဝန်၊ ကျန်းမာရေး ဆရာ ဆရာမများနှင့် ဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်သို့ ပင်စင်လစာများ လာရောက်ထုတ်ယူကြသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား စာရင်းမှတ်တမ်းရေးသွင်းခြင်း၊ သွေးပေါင်ချိန်ခြင်း၊ ဆီးချို၊သွေးချိုရောဂါ စစ်ဆေးပေးခြင်း၊ ဆေးပညာ၊ ခွဲစိတ်၊ အရိုး၊ သားဖွားမီးယပ်၊ သွားရောဂါနှင့် အခြားကျန်းမာရေးဆိုင်ရာများ စစ်ဆေးကုသဆောင်ရွက်ပေးကာ လာရောက်ပြသသူ စုစုပေါင်း ၈၅ ဦးတို့အား ရောဂါဝေဒနာအလိုက် ဆေးဝါးများ ပေးအပ်ပြီး ကျန်းမာရေးအခမဲ့စောင့်ရှောက်ပေးခဲ့ကြောင်း မြို့နယ်ကုသရေးဦးစီးဌာနမှ သိရသည်။

**တင်စိုးလွင်**



## ဒေးဒရဲမြို့နယ်၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်

**ဒေးဒရဲ ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ပြင်ပပညာရှင်များ ပူးပေါင်း၍ အသိပညာဗဟုသုတများတိုးပွားပြီး ကာယဉာဏဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်း (၂/၂၀၂၆)ကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ အခမဲ့ ဖွင့်လှစ်သင်ကြားပေးသည်။

အခြေခံပန်းချီသင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးမြမွန်နှင့် ပန်းချီပညာရှင် ဦးအေးမြင့်ဆွေတို့က ကျောင်းသား ကျောင်းသူများ သင်ကြားပြသပေးသွားမည့် အခြေခံပန်းချီရေးဆွဲနည်းများနှင့် သင်တန်းသား သင်တန်းသူများအနေဖြင့် ကြိုးကြိုးစားစားသင်ယူသွားကြရန် ရှင်းလင်းပြောကြားသည်။

နွေရာသီ အခမဲ့ပန်းချီသင်တန်းကို သင်ကြားပေးလျက်ရှိရာ မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းသား ကျောင်းသူများ တက်ရောက်သင်ယူလျက်ရှိပြီး သင်တန်းကို ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**အေဇာလင်း**





## သာကေတမြို့နယ်၌ နွေရာသီ အခြေခံယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ နွေရာသီ ကျောင်းပိတ်ရက်ကာလတွင် ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် နွေရာသီအခြေခံ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးဝင်းကျော်ကျော်က အမှာစကားပြောကြားပြီး စာရေးဆရာမ ဇွန်ဖြူ(ပညာရေး)နှင့် စာရေးဆရာမ မြကြေးမုံ(ရတနာဆောင်)တို့က သင်ကြားပို့ချမည့်အစီအစဉ်များကို ပြောကြားသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၈ ရက်အထိ ခြောက်ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သဲထက်ဇင်(ပြန်/ဆက်)**

## ပတ်စ်ပို့ပျောက်

မိုင်းပန်မြို့၊ အနောက်ရပ်ကွက်နေ (ဘ)ဦးသြ၏ သား စိုင်းဟန်စိန် ၁၃/မပန(နိုင်) ၀၀၉၀၀၁ ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH-291733) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၂၇၇၈၁၃

## ပတ်စ်ပို့ပျောက်

မန်တုံမြို့၊ မြို့မရပ်ကွက်နေ (ဘ)ဦးဗျာတား၏သမီး မဗျာဆာမီး ၁၃/ မတတ(နိုင်)၀၁၁၇၅၀ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၁၄၃၇၈၃၀

## ပတ်စ်ပို့ပျောက်

အေးသာယာမြို့၊ ရပ်ကွက် (၂) နေ (ဘ)ဦးစီလေးဖ ၏သမီး မစီသားမီး ၉/မကန(နိုင်) ၀၁၂၂၀၆ ၏ နိုင်ငံကူးလက်မှတ် အမှတ်(MB-356370) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၈၈၉၉၀၉၄

## ပတ်စ်ပို့ပျောက်

အေးသာယာမြို့၊ ရပ်ကွက် (၃)နေ (ဘ)ဦးအတားဖ ၏သား ဦးအဆီးဖ ၉/မကန(နိုင်) ၀၆၆၀၄၀ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MB-356369)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၈၈၉၉၀၉၄

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အနောက်ပိုင်းထန်းတပင်လမ်း၊တိုက်နံပါတ်-၂၇၊ အခန်းအမှတ်(B4/၄လွှာအလယ်ခန်း)၊ အလျား(၁၂)ပေ၊အနံ(၅၅)ပေရှိ ရေမီးအပါအဝင် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခိုင်ခိုင်ဦး(၁၂/မဂတ(နိုင်)၀၈၆၄၀၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သိန်းကြည်(၁၂/ကမရ(နိုင်)၀၃၆၂၆၈ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ကန့်ကွက်လိုသူမည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်မာသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်အားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာဌေး(LL.B,MA(Business Law), DBL, DIPL, D.A)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၀၃)**
**အမှတ်၈၅၊လှည်းတန်းလမ်း၊ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ၁၃-၂-၂၀၂၆ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၃၀)နှင့် စာမျက်နှာ (၃၁) ပါ ဒေါ်ယဉ်ယဉ်စွမ်၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်စုစုခိုင် ၏ သန်းကျော်အောင် (၃) ငါးဖမ်းရေယာဉ်နှင့် အောင်ပိုင်စိုး (၈) ငါးဖမ်းရေယာဉ်တို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်အပေါ် ကန့်ကွက်ကြောင်း တုံ့ပြန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ် (၆၂/အေ)နေ ဒေါ်အေးအေးသန့် ၁၂/ကတတ(နိုင်)၀၁၈၃၁၃ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ် - (၇/က)နေ ဦးဇော်မင်း(ခ)ကိုကိုနိုင် ၁၂/ကတတ(နိုင်)၀၂၄၈၃၉ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ် (၆၂/စီ)နေ ဖခင် ဦးဟော့စွမ်၊ မိခင် ဒေါ်ကင်စိန်တို့မှ (၁) ဒေါ်ခင်မူရှိန်၊ (၂) ဒေါ်အေးအေးသန့်၊ (၃) ဒေါ်ယဉ်ယဉ်စွမ်၊ (၄) ဦးဇော်မင်း (ခ) ကိုကိုနိုင်တို့ သားသမီး (၄)ဦးမွေးဖွားခဲ့ပါသည်။ အထက်ပါလိပ်စာတွင် ဖခင် ဦးဟော့စွမ်၊ မိခင် ဒေါ်ကင်စိန်တို့နှင့်အတူ ဒေါ်ခင်မူရှိန်မိသားစုနှင့် ဒေါ်ယဉ်ယဉ်စွမ်တို့ အတူတကွ နေထိုင်ကြပါသည်။

ယခုအခါ ဖခင်ဦးဟော့စွမ်မှာ အသက် (၈၆) နှစ်ခန့်၊ မိခင်ဒေါ် ကင်စိန်မှာ အသက် (၈၀) ခန့် ရှိနေပြီဖြစ်ပြီး မိဘနှစ်ပါးမှာ အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးချို့တဲ့၍ ဖခင်ဖြစ်သူ ဦးဟော့စွမ်မှာ သတိကောင်းစွာမရှိသည့် အခြေအနေတွင် ရှိနေပါသည်။

ထို့ကြောင့် (၁၁-၇-၂၀၂၅)ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၄) နှင့် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၂၁) တို့တွင် မိဘနှစ်ပါးပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့်ပတ်သက်၍ မိသားစုဝင် သားသမီး (၄)ဦးစလုံး၏ သဘောတူ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ နာမည်လွှဲပြောင်းခြင်းစသည့် တစ်နည်းနည်းလွှဲပြောင်းခြင်းများအား မပြုလုပ်ကြရန် မိသားစုဝင်သားသမီးများအားလုံး၏ အကျိုးစီးပွားထိခိုက်နစ်နာမှု မရှိစေရေးအတွက် ကျွန်ုပ်၏ မိတ်ဆွေများမှ အများသိစေရန် ကြေညာခဲ့ပြီးဖြစ်ပါသည်။

ထိုကြေညာချက်အပေါ် သမီးတစ်ဦးဖြစ်သူ ဒေါ်ယဉ်ယဉ်စွမ် အနေဖြင့် သိရှိပြီးလည်း ဖြစ်ပါသည်။

ထို့သို့သိရှိပါလျက် ဖခင်ဦးဟော့စွမ်အမည်ဖြင့်တည်ရှိသော သန်းကျော်အောင် (၃)၊ အောင်ပိုင်စိုး (၈)၊ စသည့် ငါးဖမ်းရေယာဉ်များနှင့်ပတ်သက်၍ ဝယ်ယူပြီး ရေယာဉ်နာမည် ပြောင်းလဲခြင်း၊ ကမ်းဝေးလုပ်ငန်းလိုင်စင် နာမည် ပြောင်းလဲခြင်း စသည်တို့ကို အတူနေ သားသမီး နှစ်ဦးဖြစ်သူ ဒေါ်ခင်မူရှိန်နှင့် ဒေါ်ယဉ်ယဉ်စွမ်တို့ နှစ်ဦးမှ ကျန်မိသားစုဝင်များ၏ သဘောဆန္ဒမပါဘဲ အကျိုး စီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်၍ ကျန်းမာရေးချို့တဲ့ပြီး သတိကောင်းစွာမရှိသည့် ဖခင်ထံမှ ဝယ်ယူသည်ဆိုပြီး ရေယာဉ်နာမည်ပြောင်း လျှောက်ထားခြင်း၊ ကမ်းဝေးငါးဖမ်းရေယာဉ်လိုင်စင်အမည်ပြောင်းလျှောက်ထားခြင်းတို့အပေါ် သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာန အဆင့်ဆင့်၊ သက်ဆိုင်ရာ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အဆင့်ဆင့်၊ သက်ဆိုင်ရာ အခွန်ရုံးအသီးသီးတို့အား ခွင့်မပြုရန်ကန့်ကွက်စာများ အသီးသီးပေးပို့ထားပြီးလည်းဖြစ်ပါသည်။ ထပ်မံ၍လည်း ပေးပို့သွားမည်ဖြစ်ပါသည်။

ထိုအခြေအနေတွင် ဒေါ်ယဉ်ယဉ်စွမ်၏ သန်းကျော်အောင် (၃) ငါးဖမ်းရေယာဉ်နှင့် အောင်ပိုင်စိုး(၈) ငါးဖမ်းရေယာဉ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းသည် ဒေါ်ယဉ်ယဉ်စွမ်အနေဖြင့် ဦးဟော့စွမ်၏အတူနေ သားသမီး တစ်ဦးဖြစ်ပြီး မိသားစုဝင်တစ်ဦးဖြစ်ပါလျက် ကန့်ကွက်ထားချက်များအပေါ် လျစ်လျူရှု၍ မိသားစုဝင်သားသမီးအားလုံး၏ သဘောဆန္ဒမပါဘဲနှင့် ကျန်မိသားစုဝင် သားသမီးများ၏ မျက်ကွယ်တွင် မိသားစုဝင်များ၏ အကျိုးကို ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် မိဘအပေါ် လွှမ်းမိုးခြယ်လှယ်၍ ဆောင်ရွက်ခြင်းသာဖြစ်သဖြင့် ဝယ်ယူသည်ဆိုခြင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် အဆိုပါ အရောင်းအဝယ်အား အသိအမှတ်မပြုကြောင်း၊ ဒေါ်ယဉ်ယဉ်စွမ်၏ ကြေညာချက်အပေါ် ကန့်ကွက်ကြောင်း ဒေါ်ယဉ်ယဉ်စွမ်နှင့် အများသိစေရန် တုံ့ပြန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**(၁) ဒေါ်အေးအေးသန့်၊**
**(၂) ဦးဇော်မင်း (ခ) ကိုကိုနိုင်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်လွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၉၀၄)**
**အမှတ်-၈၃၊ (၃) လွှာ၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက် တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၆၅၇၆၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော် (ထိန်းသိမ်းရေး) မှ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဆင်သေရေလှောင်တမံ အခိုင်အမာ ပြုပြင်ခြင်းလုပ်ငန်းနှင့် မြို့လှရေလှောင်တမံ အကြိုပြင်ဆင်ခြင်း လုပ်ငန်းများအတွက် လိုအပ်သော ဒီဇယ်ဆီ(ရိုးရိုး) အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါသဖြင့် ဌာနမှသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော် (ထိန်းသိမ်းရေး) ငွေစာရင်းဌာနစိတ် နှင့် ဖုန်း ၀၉-၅၀၉၆၀၀၁၊ ၀၉-၄၂၀၀၇၀၁၂၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်း၍ ဝယ်ယူနိုင်ပါသည်။

(က) **တင်ဒါအဆိုပြုလွှာ စတင်ရောင်းချမည့် ရက်/အချိန် (Profileအထောက်အထားများတင်ပြရမည်)** - ( ၂၅ - ၂ - ၂၀၂၆) ရက် (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်** - ( ၆ - ၃ - ၂၀၂၆ ) ရက် ၊ ညနေ ၄:၃၀နာရီ

(ဂ) **နမူနာပစ္စည်း လက်ခံမည့်ရက်နှင့်အချိန်** - ( ၉ - ၃ - ၂၀၂၆ ) ရက် (ရုံးချိန်အတွင်း)

(ဃ) **ဈေးနှုန်းအဆိုပြုလွှာ ဖွင့်ဖောက်စစ်ဆေးမည့် ရက်နှင့် အချိန်** - ( ၁၁ - ၃ - ၂၀၂၆ ) ရက် နံနက်( ၁၀ : ၀၀ )နာရီ

(င) **တင်ဒါဖွင့်ဖောက် စစ်ဆေးမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ဘဲကုန်းဆည်မြောင်းဝင်း၊ ဓမ္မာရုံ။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/မြို့မရပ်၊ မြေဧရိယာ (၀.၁၁၀၈ဧ) ရှိ မြေကွက်အမှတ် (ပ-၂၀၅၇၂) ကို အမည်ပေါက် ဦးဝင်းသန်း(ဘ)ဦးကျော်စိန် ၈/စလန(နိုင်)၀၆၆၉၆၉ မှ ဒေါ်ဥမ္မာ(ဘ)ဦး စက်မောင် ၉/မရမ(နိုင်)၀၂၆၅၉၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၂) ရပ်ကွက်၊ (၃၃) လမ်း၊ အမှတ် (၁၆၄)၊ ပထမထပ် (ညာဘက်ခြမ်း)၊ အကျယ်အဝန်း (၁၂ ½ x ၅၀) ပေရှိ တိုက်ခန်း(မျက်မြင်အခြေအနေအတိုင်း) နှင့် ၎င်းတိုက်ခန်းနှင့်တကွ ကပ်လျက်ရှိသော ရေ/မီးအပြည့်အစုံ အကျိုးခံစားခွင့်အရပ်ရပ်ကို မူလပိုင်ရှင် (ဒေါ်ရီရီအောင်)(၁၂/ကတတ(နိုင်)၀၀၄၁၇၄) ထံမှ ကျွန်ုပ်အမှုသည်မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးအပ်ပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါမြေနှင့်ပတ် သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာ ကန့်ကွက်လိုသူရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစောကျော်စွာထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၀၁)(၁၇-၇-၂၀၁၇)**
**တိုက်(၉/၁၁)၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၀၆၅၅၇၃၈**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၇၇)၊ မြေကွက်အမှတ် (၁၇၀)၊ အကျယ်အဝန်း ပေ (၄၀x၆၀)၊ ဧရိယာ (၀ဒသမ၀၅၅)ဧကရှိ နှစ် (၆၀) ဂရန်မြေနှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနတွင် အမည်ပေါက် ဦးဟွမ်လောက်စန်း (၁၃/ကလတ(နိုင်) ၀၂၀၀၈၉) ထံမှ ကျွန်ုပ်အမှုသည်မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးအပ်ပြီး ဖြစ်ပါသဖြင့် အထက်ဖော်ပြပါမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာ ကန့်ကွက်လိုသူရှိပါက ဤသတင်းစာကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစောကျော်စွာထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၀၁)(၁၇-၇-၂၀၁၇)**
**တိုက်(၉/၁၁)၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၀၆၅၅၇၃၈**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သုခကျေးရွာနေ ဒေါ်အေးကျင် ၉/ပမန(နိုင်)၀၉၅၀၃၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ဒေါ်အေးကျင်(၉/ပမန(နိုင်)၀၉၅၀၃၃)၏သမီးဖြစ်သူ ဒေါ်ခင်မာရီ (၉/ပမန(နိုင်)၀၀၁၆၀၀)သည် မိခင်၏ဆိုဆုံးမမှုကို နာခံခြင်းမရှိ၊ မိခင်နှင့်မောင်နှမသားချင်းများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိခင်အား သွာနုတ္တရ သားသမီးအဖြစ် ပြုမူနေသည့်အတွက် ၎င်းအားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးဝင်းဦး(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၅၉၃၄)**
**ဥယျာဉ်စုရပ်ကွက်၊ ပျဉ်းမနားမြို့။**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ အလက-၃ တွင် အလယ်တန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသော (ဘ)ဦးလှရွှေ၏ သမီးဖြစ်သူ မစမ်းစမ်းတင့်(ခ)ဒေါ်စန်းစန်းတင့် ၉/ ပသက(နိုင်)၁၀၃၅၇၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မစမ်းစမ်းတင့်(ခ)ဒေါ်စန်းစန်းတင့်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ မူလွန် တောရွာကျောင်းတွင် တာဝန်ထမ်းဆောင်နေသော မူလတန်းပြ ဆရာမ ဒေါ်အေးပေါ ၉/ညဥန(နိုင်) ၀၂၀၇၄၉၏ ဖခင်အမည်မှန်မှာ ဦးဖိုးစို (ခ)ဦးဘိုးစို PGN-8173သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဖိုးစို(ခ)ဦးဘိုးစို**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4A/1537 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ဖျာပုံ)ဖျာပုံမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ အမှတ် (၂) ရပ်ကွက်၊ ကွင်းအမှတ်-၁၁၆၉^က/ အထက်ကြီးတောင်ကွင်း၊ ဦးပိုင်အမှတ် (၃၇)၊ ဧရိယာ (၀ ဒသမ ၂၅)ဧကရှိ မြေကို ဦးညီညီလတ်မှ ဘိုးဘပိုင်အမည်ပြောင်းလျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့် ရက်မှ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးညီညီလတ်**
**ဖုန်း-၀၉-၄၂၈၁၄၁၇၃၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ အမှတ် (၂) ရပ်ကွက်၊ ကွင်းအမှတ်-၁၁၆၈^က/ မိုးခွါးတောင်ကွင်း၊ ဦးပိုင်အမှတ် (၁၅)၊ ဧရိယာ ( ၀ ဒသမ ၇၇) ဧကရှိမြေကို ဦးညီညီလတ်မှ ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့် ရက်မှ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးညီညီလတ်**
**ဖုန်း-၀၉-၄၂၈၁၄၁၇၃၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

